# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ခူးလကွယ်နေ့ ၂၀၁၅ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ သောကြာနေ့ အတွဲ [၅၄]၊ အမှတ် [၁၉၄]

## အေးစေ မြဲစေ မေတ္တာရေ

- ❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

## နှစ်သစ်မင်္ဂလာ မေတ္တာဆုမွန်လွှာ

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်သစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာဝပြောမှုနှင့်အတူ နိုင်ငံတော်သူ နိုင်ငံတော်သားအပေါင်း နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေကြောင်း မြန်မာ့အလင်းက ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။



# နေပြည်တော်သင်္ကြန်အတက်နေ့ ပျော်ရွှင်ဆင်နွှဲသူများဖြင့် စည်ကား

သတင်း၊ စာမျက်နှာ-၁၀၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်

## ယူသူလေး၏ ပေးသူပေါ့ပါး၏

စာမျက်နှာ-၆

## ၂၀၁၅ သင်္ကြန်နှင့် ရန်ကုန်အလှဲများ

စာမျက်နှာ-၁၂

၁၃၇၇ ခုနှစ်၏ မြန်မာနှစ်သစ်ကူးအခါသမယမှ စ၍ MY DREAM ၏ ကျေးဇူးရှင် မိတ်ဟောင်း မိတ်သစ်၊ လုပ်ဖော်ကိုင်ဖက်များနှင့်တကွ
မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အားလုံးတို့သည် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာခြင်း ဘေးရန် ဆယ်ပါးမှ ကင်းဝေး၍ ကောင်းကျိုးလိုရာ မှန်သမျှ
ပြည့်စုံနိုင်ကြပါစေကြောင်း MY DREAM WEDDING DRESS & PHOTO STUDIO မိသားစုမှ နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါသည်။

MY DREAM
WEDDING DRESS & PHOTO STUDIO

BRIDAL HOUSE — No.46, 21st street, Latha Township, Yangon.
Ph: 01 372883, 09 33 8888 11, 09 33 8888 98

OUTDOOR STUDIO — No. 14, Sagawar Street, Hlaing Township, Yangon.
Ph: 09 333 7777 3, 09 7 313 7777, 09 7913 77777

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူသစ်၊ စိတ်သစ်နှင့် နှစ်သစ်မင်္ဂလာ

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် တည်းဟူသော နှစ်ဟောင်း၏ကာလအပိုင်းများမှာ ကုန်လွန်ခဲ့လေပြီ။ ယနေ့သည်ကား ၁၃၇၇ ခုနှစ်၏ ပထမဆုံးနေ့ပင်ဖြစ်၏။ တစ်နည်းဆိုသော် မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၏ နှစ်ဆန်းတစ်ရက်နေ့ဖြစ်၏။ မြန်မာလူမျိုးတို့အနေဖြင့် တစ်နှစ်တာကာလပတ်လုံး ကောင်းသောအကြံအစည်၊ ကောင်းသောအပြုအမူ၊ ကောင်းသောလုပ်ကိုင်ဆောင်ရွက်မှုတို့ဖြင့် ပြီးပြည့်စုံကြစေရန် ဤနှစ်ဆန်းတစ်ရက်နေ့မှ စတင်ကာ ကောင်းမှုကုသိုလ်အမျိုးမျိုး ပြုလုပ်ကြလေ့ရှိသည်။ ဤသည်မှာပင် နှစ်သစ်ကို လူသစ်၊ စိတ်သစ်ဖြင့် စတင်လိုက်ခြင်းပင်ဖြစ်၏။

ဤသို့ နှစ်သစ်ကို ကောင်းသောအလုပ်အကိုင်တို့ဖြင့် စတင်လိုက်ခြင်းသည် တစ်နှစ်ပတ်လုံး ကောင်းစွာကြီးပွားတိုးတက်ရေးအတွက် အဓိကအကြောင်းအရင်းပင်ဖြစ်၏။ လောကဓမ္မသဘောအရ တစ်နှစ်ကုန်လျှင် လူတို့သည်လည်း တစ်နှစ်အသက်ကြီးပြင်းလာ၏။ အသက်တစ်နှစ်ကြီးလာသည်နှင့်အမျှ ကုသိုလ်၊ ပညာ၊ ဉစ္စာတို့သည်လည်း တစ်နှစ်ပြီးတစ်နှစ် တိုးလာရမည်ဖြစ်ပါသည်။ သို့မှသာ အသက်တစ်နှစ်ကြီးခြင်း (ဝါ) အသက်ရှည်ရခြင်းသည် အကျိုးရှိသည်ဟု ဆိုနိုင်ပါ၏။

လူတို့ တိုးတက်မှုရရှိစေရန် ကုသိုလ်၊ ပညာ၊ ဉစ္စာတစ်ခုခုနေ့စဉ်ရဖို့လိုကြောင်း ပညာရှိတို့က ပြောဆိုဆုံးမကြပါသည်။ တစ်နှစ်ဟူသော တိုးတက်မှုကိုရရှိရန် တစ်လဟူသော တိုးတက်မှုရဖို့ လိုပါသည်။ တစ်လဟူသော တိုးတက်မှုရရှိရန် တစ်နေ့ဟူသော ကာလအပိုင်းအခြားဖြင့် တိုးတက်အောင်ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုများ တိုးတက်အောင် နိစ္စဓူဝ ကြိုးစားအားထုတ်ကြရပါမည်။ ကုသိုလ်ဒါနများပြုခြင်း၊ အများအကျိုးပရဟိတအလုပ်များ လုပ်ကိုင်ခြင်းတို့သည် မိမိအတွက် ပစ္စုပ္ပန်အကျိုး၊ သံသရာအကျိုးတိုးပွားအောင် ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ ထို့အတူ ဉစ္စာလည်းတိုးပွားအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တစ်နှစ်ကုန်၍ ဉစ္စာတိုးတက်လာခြင်းမရှိပါက အဘယ်မှာဆင်းရဲတွင်းမှ လွတ်ငြားအံ့။ ကြိုးစားရှာ၊ ချွေတာသုံး၊ စုဆောင်းသည့်အလေ့အထများဖြင့်သာ ဉစ္စာစီးပွားတိုးတက်မှုကို မလွဲဧကန်ရရှိနိုင်မည်ဖြစ်ပါသည်။ တစ်နှစ်တည်းဟူသော ကာလအပိုင်းအခြားအတွင်း ရည်မှန်းချက်များထားရှိကာ ဉစ္စာစီးပွားများတိုးတက်အောင် အလုပ်ကိုကြိုးကြိုးစားစားလုပ်ကိုင်ကြပါမှ ဘဝတိုးတက်မှုများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောသလို ပဒေသာပင်သည် မြေမှပေါက်လာမည်မဟုတ်ပါ။ မိမိတို့ကိုယ်တိုင်လုံ့လပြုကြိုးစားအားထုတ်ကြပါမှ တိုးတက်ကြီးပွားကြမည်ဖြစ်ပါသည်။

တစ်ဖန် လူသည် တစ်နှစ်ပြီးတစ်နှစ် ကြီးရင့်လာသကဲ့သို့ အသိဉာဏ်ပညာများလည်း တိုးပွားရင်သန်လာရမည်ဖြစ်ပါသည်။ အသိပညာ၊ အတတ်ပညာများရအောင် ရှာဖွေဆည်းပူးကြရမည်ဖြစ်ပါသည်။ ထို့အတွက် တစ်နှစ်တာအတွင်း ပညာသည်လည်း တိုးတက်ရလာဖို့လိုပါသည်။ သို့ပါ၍ လူတိုင်း လူတိုင်းသည် ဤနှစ်ဦး နှစ်ဆန်းမှစကာ လူသစ်၊ စိတ်သစ် မွေးကာ ကုသိုလ်၊ ပညာ၊ ဉစ္စာများ တိုးပွားစေရန် ကြိုးစားအားထုတ်ကြခြင်းဖြင့် မင်္ဂလာရှိစွာ တစ်နှစ်တည်းဟူသော ကာလအပိုင်းအခြားကို အကျိုးရှိစွာအသုံးချသင့်ပါကြောင်း။ ။



# သင်္ကြန်ကာလအတွင်းအပန်းဖြေသူများနှင့် စည်ကားနေသည့် ညောင်ချောင်းသာအပန်းဖြေကမ်းခြေ

**ညောင်တုန်း မေ ၁၆**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ညောင်တုန်းမြို့ (ရန်ကင်းစံရာကျေးရွာ)တွင် သဘာဝသဲသောင်ပြန့်ပေါ်ထွန်းလျက်ရှိပြီး အပန်းဖြေစရာ (ညောင်ချောင်းသာ) ကမ်းခြေဟုပေါ်ပေါက်လျက်ရှိရာ သင်္ကြန်တွင်းကာလတွင် ရေပက်ခံထွက်သူ၊ လည်ပတ်သူ၊ အပန်းဖြေသူများနှင့် အထူးစည်ကားလျက်ရှိကြောင်းသိရသည်။

အဆိုပါ အပန်းဖြေနေရာသည် ဧရာဝတီမြစ်ပြင်မှ "တိုက်ရိုက်သန့်ရှင်းလတ်ဆတ်သောလေ"(လေကောင်းလေသန့်)ကို ထိတွေ့ရှူရှိုက်ခွင့်ရရှိပြီး သဲသောင်ပြန့်ပေါ်တွင် ဆော့ကစားနိုင်၍ ဘောကွင်းများစီးလျက် အပန်းဖြေအနားယူနိုင်ပြီး သန့်ရှင်းသော အစားအသောက်များနှင့် အအေးမျိုးစုံတို့ကိုလည်း နှစ်သက်ရာ မှာယူစားသောက်နိုင်သည်ဟု မန္တလေးမြို့မှ လာရောက် အပန်းဖြေသူတစ်ဦး ကပြောပြပါသည်။

အဆိုပါ (ညောင်ချောင်းသာ) ကမ်းခြေသို့ ညောင်တုန်းမြို့ ပတ်ဝန်းကျင်ဒေသများမှ ပြည်သူများနှင့် အထူးသဖြင့် ရန်ကုန်မြို့မှ အများပြည်သူများ၊ နိုင်ငံခြားကမ္ဘာလှည့်ခရီးသည်များ လာရောက်အပန်းဖြေလျက်ရှိပြီး သင်္ကြန်တွင်းကာလတွင် အပန်းဖြေသူများရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါညောင်ချောင်းသာ ကမ်းခြေသည် ညောင်တုန်းမြို့ ရန်ကင်းစံရာကျေးရွာတွင် တည်ရှိ၍ရန်ကုန်မြို့မှ ၃၄ မိုင်သာ ကွာဝေးသည်။ အပန်းဖြေသူ ၃၀၀ မှ ၅၀၀ ခန့် နေ့စဉ် လာရောက်လျက်ရှိပြီး စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် ပိုမိုစည်ကားလျက်ရှိသည်။ ယခု သင်္ကြန်တွင်းကာလအတွင်း၌ အပန်းဖြေသူများစွာ လာရောက်လည်ပတ်လျက်ရှိပြီး အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**




# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်

**နတ်တလင်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ပန်းတင်ကြီးကျေးရွာအုပ်စုနှင့် ဓမ္မကျကျေးရွာအုပ်စုတို့တွင် မေ ၁၄ ရက် ညနေ ၅ နာရီခွဲမှ ၆နာရီအထိ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုတို့ကြောင့် နေအိမ်နှစ်လုံး ပြိုလဲပြီး အိမ် ၁၉ လုံး အမိုးများလန်သွားသည်။ အဆိုပါဖြစ်စဉ်၌ လူ၊ တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါနေအိမ်များရှိ မိသားစုများကို နီးစပ်ရာဆွေမျိုးသားချင်းများ၏နေအိမ်များသို့ ခေတ္တတည်းခိုနိုင်ရေး၊ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုအဖွဲ့၊ ရပ်မိရပ်ဖများက လိုအပ်သည်များကို ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည်။ မြို့နယ်မှ လိုအပ်သည်များကိုလည်း အမြန်ဆုံး ဆောင်ရွက်ပေးခဲ့သည့်အပြင် မေ ၁၅ ရက် နံနက်ပိုင်းက နတ်တလင်းမြို့မရဲစခန်းမှ ရဲမှူးဇော်လွင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ပြိုလဲပျက်စီးနေသော အိမ်များကို ပြုပြင်ပြီးအမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

## လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက်ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက်ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

# ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေသဘင်ပွဲ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၌ စည်ကားပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲလျက်ရှိရာ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ တက်ရောက်ချီးမြှင့်အားပေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညာဏ်ထွန်း၊ ဇနီးနှင့် တက်ရောက်လာကြသူများအား တာဝန်ရှိသူများက စံပယ်ပန်းကုံးများဖြင့် ကြိုဆိုကြသည်။

အဆိုပါရေသဘင်ပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ ရုံး/ ဌာနအသီးသီးမှ ယိမ်းအကအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်၍ ပျော်ရွှင်စွာဆင်နွှဲကြသည်။



ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲသို့ တက်ရောက်လာကြသူများနှင့် ယိမ်းအကအဖွဲ့များအား အတာရေများ အပြန်အလှန် ပက်ဖျန်းပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ အတာသင်္ကြန်တေးသီချင်းများဖြင့် ညီညာလှပစွာ ကပြဖျော်ဖြေမှုများနှင့် ရုပ်ရှင်ဂီတအနုပညာရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ၎င်းနောက် ဒုတိယသမ္မတနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများက တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု ရေကစားမဏ္ဍပ်မှ ယိမ်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ပေးအပ်ပြီး မွန်းလွဲပိုင်းတွင် ရေကစားမဏ္ဍပ်မှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




မဟာသင်္ကြန်အတက် နေ့က ရန်ကုန် တောင်ပိုင်းခရိုင် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု သိမ်ကျောင်းလမ်း ဗဟိုမဏ္ဍပ်၌ ယိမ်းအက လှပျိုဖြူလေးများ သီဆိုကပြ ဖျော်ဖြေမှုကို တွေ့ရစဉ်။

သက်ခိုင်
(သန်လျင်)



ကချင်ပြည်နယ် ဗန်းမော်မြို့၌ မဟာသင်္ကြန် အကြတ်နေ့က ရေပက်ခံထွက်သူများ၊ ရေကစားကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ(ပြည်နယ် ပြန်/ဆက်)



## ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ၁၇-၅-၂၀၁၅ရက်၊ ကဆုန်လကွယ်နေ့မှ ၂၉-၅-၂၀၁၅ရက်၊ နယုန်လဆန်း ၁၂ရက်ထိ (၁၂)ရက် တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီးတွင် ၂၆-၄-၂၀၁၅ရက်မှ ၂-၅-၂၀၁၅ရက်အထိ (၇)ရက် အချိန်ပိုင်း တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်) ဒီဃနိကာယဓမ္မာစရိယ၊ သာသနဇောသီရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိကဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြပါသည်။

**ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့** **ပခုက္ကူဓမ္မာရုံအကျိုးဆောင်အဖွဲ့**

ဖုန်း-၀၉-၇၀၇၇၃၂၈၊ ၀၉-၄၂၁၁၇၂၃၁ ဖုန်း-၀၉-၅၀၇၇၃၂၈၊ ၃၈၃၅၁၁
၀၉-၄၂၀၀၉၈၇၃၊ ၀၉-၅၀၀၉၄၃၃

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၂၁၃၊ မြေကွက်တည်နေရာအမှတ် ၂၁၃(က)၊ စံပြ(၂)လမ်း၊ ယမုံနာ(၂) ရပ်ကွက်၊ဒေါပုံမြို့နယ် [ဦးသောင်းတင့် (CE-၁၁၁၁၈၆)၊ ဒေါ်လှမြင့် ၁၂/ဒပန(နိုင်)၀၁၇၀၄၇] အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် နှစ်ဦးအနက် အမည်ပေါက်တစ်ဦး ဦးသောင်းတင်ကွယ်လွန်သဖြင့် ၎င်း၏အစုအား ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၃၂၂၀/၂၀၁၃ (၃-၉-၂၀၁၃) ဖြင့် ရရှိသူ ဒေါ်ရွှေနီ(မိခင်) ကွယ်လွန်သဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဒေါ်ကြူကြူဆွေ ၁၂/ဒပန(နိုင်)၀၁၈၁၁၃၊ ဒေါ်သန်းသန်းဌေး ၁၄/ဓနဖ(နိုင်)၀၇၉၆၀၅၊ ဒေါ်ခင်မာကြူ ၁၂/သလန(နိုင်)၀၂၈၁၅၄၊ ဒေါ်စပယ် ၁၂/ဒပန(နိုင်)၀၁၈၁၁၄၊ ဒေါ်ခင်နီလာထွေး ၁၂/ဒပန(နိုင်)၀၁၈၁၁၅၊ ဦးသန့်စင် ၁၂/ဒပန(နိုင်)၀၀၇၅၁၀၊ ဒေါ်ကျော့ကေခိုင် ၁၂/ဒပန(နိုင်)၀၃၄၄၁၅တို့အနက် ဦးသန့်စင်မှ ကိုယ်တိုင်နှင့် ကျန်မောင်နှမများထံမှ GP ၂၆၁၃၁/၂၀၁၄(၂၃-၉-၂၀၁၄)နှင့် ၂၆၁၃၀/၂၀၁၄ (၂၃-၉-၂၀၁၄)ရယူလျက်ဖခင်ဖြစ်သူ ဦးသောင်းတင့်၏ ပိုင်ဆိုင်ခွင့်အစုကို ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




မူးယစ်ဆေးဝါး
အန္တရာယ်
ဝိုင်းဝန်းကာကွယ်

# ပြည်ပလေယာဉ်များကို ပြန်လည်တုံ့ပြန်နိုင်ရန် ဂျပန်တိုက်လေယာဉ်များ အမြင့်ဆုံးစံချိန်တင်ပျံသန်း



**တိုကျို ဧပြီ ၁၆**

ဂျပန်နိုင်ငံက ၎င်းတိုက်လေယာဉ်များကို ရုရှားနှင့် တရုတ်ကဲ့သို့သော ပြည်ပလေယာဉ်များ ချဉ်းကပ်မှုကိုတုံ့ပြန်နိုင်ရန် အမြင့်ဆုံးစံချိန်အထိ ပျံသန်းခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောသည်။

ဂျပန်ဂျက်တိုက်လေယာဉ်များသည် ၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ၉၄၃ ကြိမ်တိုင်တိုင် အမြင့်ဆုံးစံချိန် ပျံသန်းခဲ့ကြောင်း၊ ယင်းမှာ ၂၀၁၃ ခုနှစ်ကထက် ၁၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း ၎င်းကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ဂျပန်တိုက်လေယာဉ်များ ဝေဟင်တွင်း ပျံသန်းမှုသည် စစ်အေးကာလ ၁၉၈၄ ခုနှစ် ပျံသန်းခဲ့သော အကြိမ်အရေအတွက် (၉၄၄) ကြိမ်နှင့် နှိုင်းယှဉ်လျှင် အနီးဆုံးဖြစ်ခဲ့သည်။

သို့သော်လည်း ဂျပန်တိုက်လေယာဉ်များသည် ဝေဟင်ပိုင်နက်ချိုးဖောက်ပျံသန်းခဲ့ခြင်းမရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဂျပန်တိုက်လေယာဉ်များပျံသန်းမှုသည် စစ်အေးကာလအဆုံးသတ်ပြီးနောက် နှစ်စဉ် ပျံသန်းမှုအကြိမ် (၁၅၀) ခန့် ကျဆင်းခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ပြောကြားသည်။ သို့သော်လည်း မကြာသေးခင်နှစ်များက အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် တရုတ်၊ ရုရှားကဲ့သို့ နိုင်ငံကြီးများနှင့် နယ်မြေအငြင်းပွားမှုအပေါ် တင်းမာမှုများဖြစ်ပေါ်လာခဲ့သည်။

**(ဘီဘီစီ)**

# ယူကရိန်းနိုင်ငံရေးအတိုက်အခံခေါင်းဆောင်ကို ကီယက်ဗ်တွင် သေဆုံးလျက်တွေ့ရှိ

**ကီယက်ဗ် ဧပြီ ၁၆**

ယူကရိန်းနိုင်ငံရေး အတိုက်အခံ ခေါင်းဆောင် အိုလက်ဂျ်ကလက်ရှ်နီကော့ဗ်ကို ကီယက်ဗ်တွင် သေနတ်ဒဏ်ရာများဖြင့် သေလျက်တွေ့ရှိခဲ့သည်။ ၎င်းသည် ယခင်အစိုးရ၏ နောက်ဆုံး သစ္စာခံဖြစ်ကာ သံသယဖြစ်ပွားဖွယ် အခြေအနေများစွာနှင့် သေဆုံးခဲ့သည်။

မစ္စတာ ကလက်ရှ်နီကော့ဗ်သည် ရာထူးမှ ဖယ်ရှားခံရသော သမ္မတ ဗစ်ကာယာနူကိုဗစ်ခ်ထောက်ခံသော ယူကရိန်းအစိုးရ ဆန္ဒပြမှုတွင် ပါဝင်ပတ်သက်ခဲ့သည်။

၎င်းအသတ်ခံရခြင်း သို့မဟုတ် ကိုယ်တိုင်သတ်သေမှု ကျူးလွန်ခြင်းသည် အဆိုပါ ဆန္ဒပြမှုနှင့် သက်ဆိုင်မှုရှိ မရှိ ရှင်းရှင်းလင်းလင်းမသိရသေးပေ။

စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်နေကြောင်း ရဲများက ပြောခဲ့သည်။

လွန်ခဲ့သော သုံးလက သမ္မတ ယာနူကိုဗစ်ခ်ကို ထောက်ခံသူရှစ်ဦး ရုတ်တရက် အသတ်ခံခဲ့ရသည်။

သေဆုံးသူအများစုမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေကြသူများ ဖြစ်သည်ဟု ပြောကြသည်။ သို့သော်လည်း အချို့လူများမှာ အသတ်ခံ (သို့မဟုတ်) မိမိကိုယ်မိမိ သတ်သေစေရန် ဖိအားပေးမှုကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း အရာရှိများက ပြောခဲ့သည်။

ယူကရိန်းအစိုးရရှေ့နေများက ဤသေဆုံးမှုတွင်ပါဝင်သော လက်ရှိအနောက်အုပ်စု ထောက်ခံသူများနှင့် အတိုက်အခံများကို စွပ်စွဲခဲ့သည်။ သေဆုံးမှုနှင့်ပတ်သက်၍ မည်သည့်လှုပ်ရှားမှုမျှ မရှိကြောင်းနှင့် ဖမ်းဆီးအရေးယူခြင်း တစ်စုံတစ်ရာမျှမရှိသေးကြောင်း ကီယက်ဗ်ရှိ ဘီဘီစီ သတင်းထောက် ဒေးဗစ်စတမ်က ပြောခဲ့သည်။

ယူကရိန်းနိုင်ငံရေး အတိုက်အခံခေါင်းဆောင် ကလက်ရှ်နီကော့ဗ်သည် ပါလီမန်တွင် ဒုတိယဥက္ကဋ္ဌဟောင်းဖြစ်ကာ မစ္စတာယာနူကိုဗစ်ခ်၏ ဒေသဆိုင်ရာပါတီတွင်လည်း အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။

ဆန့်ကျင်ဆန္ဒပြမှုများ များပြားလာသောကြောင့် မစ္စတာယာနူကိုဗစ်ခ်သည် လွန်ခဲ့သောနှစ် ဖေဖော်ဝါရီက ယူကရိန်းမှ ထွက်ပြေးခဲ့သည်။

**(ဘီဘီစီ)**



# ဝမ်းနည်းခြင်းအထိမ်းအမှတ်ကျင်းပစဉ် နစ်မြုပ်ကူးတို့ရေယာဉ်ကို ဆယ်ယူရန် တောင်ကိုရီးယားသမ္မတ ကတိပြု

**ဆိုးလ် ဧပြီ ၁၆**

နစ်မြုပ်ခဲ့သော (Sewol)ကူးတို့ရေယာဉ်ကို ဆယ်ယူမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတက တစ်နှစ်ပြည့် နိုင်ငံတော် ဝမ်းနည်းကြေကွဲပွဲ အထိမ်းအမှတ် အခါသမယနေ့တွင် ကတိပေးပြောကြားခဲ့သည်။ ဂျင်ဒိုကမ်းလွန်ပင်လယ် တွင်နစ်မြုပ်ခဲ့သည့် အဆိုပါ သင်္ဘောသည် ဝန်ပိုတင်ဆောင်ခြင်းနှင့် ခံနိုင်ဝန် အားမမျှခြင်းကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း လူ ၃၀၄ ဦး သေဆုံးခဲ့သည်။ သေဆုံးသူများအနက် အများစုမှာ ကျောင်းသားများ ဖြစ်ကြသည်ဟု သိရသည်။

အဆိုပါ ဖြစ်စဉ်သည် တစ်နိုင်ငံလုံးကို ပူဆွေးသောကရောက်စေပြီး ခရီးသွားလာမှုဆိုင်ရာ လုံခြုံမှုအဆင့်အတန်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအပေါ် အပြင်းအထန် ဝေဖန်မှုများဖြစ်ပေါ်စေခဲ့သည်။ သင်္ဘောဆယ်ယူရာတွင် ဒေါ်လာသန်း ၁၁၀ ကုန်ကျမည်ဟု အစိုးရက ပြောသော်လည်း သင်္ဘောဆယ်ယူရေးလုပ်ငန်းအတွက် လိုအပ်သည့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို အစောဆုံးရက်သတ်မှတ်၍ ဆောင်ရွက်သွားမည်ဟု ဂျင်ဒိုဆိပ်ကမ်း၌ သမ္မတပတ်ဂွန်ဟေးက ပြောကြားသည်။

တောင်ကိုရီးယားဥပဒေပြုလွှတ်တော်သည် နစ်မြုပ်ရေယာဉ် အမြန်ဆယ်ယူရေးအတွက် အစိုးရကို တိုက်တွန်းသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ နေရာပေါင်း ၃၀၀ တွင် အောက်မေ့ဖွယ် အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ ကျောင်းလေ့လာရေးခရီးတွင် လိုက်ပါခဲ့သော ကျောင်းသားများ နေထိုင်ရာမြို့ဖြစ်သည့် Ansan မြို့ရှိ ခန်းမ၌ အကြီးမားဆုံးသော အောက်မေ့သတိရဖွယ် အခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပမည် ဖြစ်သည်။ ညနေပိုင်းတွင် ၎င်းတို့၏ကျောင်း၌ သတိရဖွယ် အခမ်းအနားကို သီးသန့်ကျင်းပမည်ဖြစ်သည်။

**(ဘီဘီစီ)**

# ရွှေ့ပြောင်းသူများ ကယ်ဆယ်ရေး ပိုမိုအားထုတ်ဆောင်ရွက်ရန် ကုလသမဂ္ဂတိုက်တွန်း

**ဂျီနီဗာ ဧပြီ ၁၆**

မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသို့ သွားရောက်ရန်ကြိုးပမ်းနေကြသည့် အရေအတွက်များပြားလာသော ရွှေ့ပြောင်းသူများ၏ အသက်အိုးအိမ်လုံခြုံမှုအတွက် ထိရောက်သော ကယ်ဆယ်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းမှာလုံလောက်မှုမရှိသေးဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ဆိုသည်။

စနေနေ့က လစ်ဗျားတွင် ရွှေ့ပြောင်းသူများအား တင်ဆောင်လာသည့်လှေတိမ်းမှောက်ကာ လူ ၄၀၀ သေဆုံးခဲ့ပြီးနောက် ဥရောပသမဂ္ဂ၏ကယ်ဆယ်ရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ရန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ ပြောရေးဆိုခွင့်ရှိသူက တိုက်တွန်းပြောကြားခဲ့သည်။

လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့က ယခုသီတင်းပတ်အကုန်လောက်တွင် ပင်လယ်ဖြတ်ကျော်ရန်ကြိုးပမ်းမှုများ ပိုမိုပြုလုပ်လာဖွယ်ရှိသည်ဟု ဆိုသည်။ မကြာသေးမီရက်များကပင်လျှင် ဒုက္ခသည် ၁၀၀၀၀ နီးပါးကို ကယ်ဆယ်ခဲ့ပြီး နောက်ထပ်လှေများစွာမှာ အီတလီကမ်းခြေသို့ဦးတည်လာနေကြဆဲဖြစ်သည်။

အီတလီပြည်ထဲရေးဝန်ကြီးဌာနက တစ်နိုင်ငံလုံးရှိအရာရှိများအား ကလေးငယ်အများစုပါဝင်သည့် အသစ်ပြောင်းရွှေ့လာသူများအား နေရာထိုင်ခင်းပြင်ဆင်ပေးရန် ညွှန်ကြားခဲ့သည်။

**(ဘီဘီစီ)**

# ထိုင်းသင်္ကြန်ပွဲတော် ၆ရက်အတွင်း လူပေါင်း ၃၀၀ကျော်သေဆုံး



**ဗန်ကောက် ဧပြီ ၁၆**

ထိုင်းနိုင်ငံ၏ အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်သည့် ထိုင်းဆွန်ခရန်ပွဲတော် (ထိုင်းသင်္ကြန်ပွဲတော်) တွင် ဧပြီ ၉ ရက်မှ ၁၄ရက်အထိ ၆ ရက်တာကာလအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုများကြောင့် သေဆုံးသူပေါင်း ၃၀၀ ကျော်အထိရှိလာကြောင်း သိရသည်။

ထိုင်းဆွန်ခရန် ပွဲတော်ကျင်းပသည့် ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ ခုနစ်ရက်တာကာလကို အန္တရာယ်များသောရက်များအဖြစ် သတ်မှတ်ထားပြီး ထိုင်းနိုင်ငံ လမ်းအန္တရာယ်ကင်းရှင်းရေးညွှန်ကြားမှုဗဟိုဌာန၏ ထုတ်ပြန်ကြေညာချက်အရ ဧပြီ ၁၃ ရက် တစ်ရက်တည်းတွင် ယာဉ်မတော်တဆမှု ၆၇၁ မှုရှိခဲ့ရာ သေဆုံးသူ ၆၀ နှင့် ထိခိုက်ဒဏ်ရာရရှိသူ ၇၂၄ ဦးရှိခဲ့ကြောင်းသိရသည်။

အဆိုပါထိုင်းသင်္ကြန်ပွဲတော်တွင် ဧပြီ ၉ရက်မှ ၁၄ရက်အထိ ယာဉ်မတော်တဆမှုပေါင်း ၂၉၁၅ခုရှိခဲ့ရာ သေဆုံးသူ ၃၀၆ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၃၀၇၀ အထိ ရှိလာကြောင်း အဆိုပါဌာန၏ထုတ်ပြန်ချက်အရ သိရသည်။ ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားသည့်ပြည်နယ်မှာ ထိုင်းနိုင်ငံတောင်ပိုင်းရှိ နခွန်းဆီမားရတ်ပြည်နယ်ဖြစ်ကြောင်း သိရသည်။

အရက်သေစာသောက်စားမောင်းနှင်မှုကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုမှာ ၄၄ ဒသမ ၂၆ ရာခိုင်နှုန်းရှိပြီး သတ်မှတ်အရှိန်ထက်မြန်နှုန်းမြင့်မောင်းနှင်မှုကြောင့် ဖြစ်ပွားသည့်ယာဉ်တိုက်မှုမှာ ၂၄ ဒသမ ၄၄ရာခိုင်နှုန်းရှိကြောင်း၊ ယာဉ်တိုက်မှုတွင် အများဆုံးဖြစ်ပွားသည့် ယာဉ်တိုက်မှုမှာ မော်တော်ဆိုင်ကယ်တိုက်မှုများဖြစ်ပြီး ၈၁ ဒသမ ၈၃ ရာခိုင်နှုန်းအထိရှိကြောင်းသိရသည်။

**ထိုင်းပီဘီအက်စ်**

# ရုရှားငါးဖမ်းသင်္ဘောနစ်မြုပ်မှုဖြစ်စဉ်တွင် သေဆုံးသွားသည့် မြန်မာသင်္ဘောသားများ၏ ရုပ်အလောင်းများအား ရန်ကုန်မြို့သို့ ပြန်လည်သယ်ဆောင်လာ



**ရန်ကုန် ဧပြီ ၁၆**

ရုရှားနိုင်ငံ အရှေ့ဖျားပိုင်း Okhotsk ပင်လယ်ပြင်အတွင်း ဧပြီ ၁ ရက် ညပိုင်းက ရုရှားငါးဖမ်းသင်္ဘော Dalniy Vostok နစ်မြုပ်ရာတွင် သေဆုံးသွားသည့် မြန်မာသင်္ဘောသား ၁၆ ဦး၏ ရုပ်အလောင်းများအား ရုရှားအစိုးရနှင့် မော်စကိုမြို့ရှိ မြန်မာသံရုံး တာဝန်ရှိသူများ ပူးပေါင်းပြီး စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

မြန်မာနိုင်ငံ ပင်လယ်ကူး အလုပ်သမားသင်္ဘောသားများ အဖွဲ့ချုပ်မှ ဦးမြတ်ကျော်ဝင်းက“ ရုရှားက နစ်နာကြေး ကရုဏာကြေးအနေနဲ့ ဒေါ်လာ တစ်သောင်းငါးထောင်နဲ့ညီတဲ့ ရူဘယ်ငွေကို သေဆုံးသွားတဲ့ ကလေးတစ်ဦးချင်းစီအတွက် ပေးမယ်လို့သိရတယ်။ ရသင့်ရထိုက်တဲ့စာချုပ်ပါ စည်းကမ်းတွေအရ ကျွန်တော်တို့အဖွဲ့ချုပ်က အကုန်လုပ်ပေးသွားမယ်။ အသက်အာမခံထားတဲ့ ကလေးတွေကိုလည်း အသက်အာမခံငွေရအောင် လုပ်ပေးသွားမယ်။ မော်စကိုမှာရှိတဲ့ မြန်မာသံရုံးရော၊ ရုရှားအစိုးရပါ ပူးပေါင်းဆောင်ရွက်ပြီး ကူညီသလို ဒီဘက်ကလည်း ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးနေပါတယ်”ဟု ပြောသည်။

ရုရှား ငါးဖမ်းသင်္ဘောနစ်မြုပ်ရာတွင် သေဆုံးသွားသည့် မြန်မာသင်္ဘောသားများ၏ ရုပ်အလောင်းများအား သေစာရင်း၊ စာရွက်စာတမ်း ရယူရန်နှင့် သင်္ဂြိုဟ်နိုင်ရန် နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် လူမှုကူညီရေးအသင်း(သဃ်န်းကျွန်း)တို့က ရုပ်အလောင်းများအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးပြီး ဆေးရုံကြီးမှတစ်ဆင့် သက်ဆိုင်ရာသုသာန်များနှင့် သက်ဆိုင်ရာမြို့များသို့ အခမဲ့ကူညီပို့ဆောင်ပေးခဲ့သည်။

လူမှုကူညီရေးအသင်း (သဃ်န်းကျွန်း)မှ အနုပညာရှင် ဦးဝေဠုကျော်က “Dead Body တွေအားလုံးနေရပ်ပြန်ဖို့ တာဝန်ယူထားတယ်။ နယ်ရောက်အောင် ပြန်ပို့ပေးမယ်။ ကျွန်တော်တို့အသင်းကို သင်္ဘောကုမ္ပဏီရဲ့ကိုယ်စားလှယ်က Dead Body တွေ သယ်ဖို့အတွက် အကူအညီတောင်းတဲ့အတွက် လာရောက်ကူညီခြင်းဖြစ်ပါတယ်။ ပထမဆုံး ရန်ကုန်ဆေးရုံကြီးနဲ့ မြောက်ဥက္ကလာဆေးရုံကြီးကိုသွားမယ်။ ဆေးရုံတွေကတစ်ဆင့် ခရီးဝေးပို့ပေးရမယ့်သူကို သွားပို့ပေးမယ်။ ရေဝေးမှာ သင်္ဂြိုဟ်မယ့်သူကို ရေဝေးပို့ပေးမယ်။ မြင်းခြံ၊ မအူပင်၊ သန်လျင်က သေဆုံးတဲ့သူတွေကို အဲဒီဒေသတွေအထိ ကျွန်တော်တို့အသင်းက ကားတွေနဲ့ပို့ပေးသွားမယ်”ဟု ပြောသည်။

လှိုင်သာယာမြို့နယ်နေ ကိုသိန်းဦးက “ကျွန်တော့်ညီဝမ်းကွဲပါ။ သူက ပထမဆုံးသင်္ဘောလိုက်တာ။ သင်္ဘောမြုပ်တာ ဘယ်သူ့မှ အကြောင်းမကြားပါဘူး။ ကိုယ့်ဘာသာကိုယ်စုံစမ်းတာ။ ကုမ္ပဏီကနာရေးကိစ္စပဲ လိုက်လုပ်ပေးတာ။ အလောင်းက လူမှုကူညီရေးအသင်း(သဃ်န်းကျွန်း)က ကားနဲ့ မြင်းခြံကို သယ်သွားမယ်” ဟု ပြောသည်။

မန္တလေးတံခွန်တိုင်မြို့နယ်တွင် နေထိုင်သည့် ကိုဟန်ဝင်းအောင်က “သေဆုံးသွားတာ ညီအငယ်ဆုံးပါ။ အသက် ၂၄ နှစ်ပဲ ရှိသေးတယ်။ နာမည်က ကောင်းမြတ်ထွန်းပါ။ သင်္ဘောမြုပ်ပြီး လေးရက်လောက်ကြာမှ ကုမ္ပဏီက အကြောင်းကြားပါတယ်။ ချက်ချင်းတော့မသိရပါဘူး။ နစ်နာကြေးကိစ္စက လောလောဆယ် ဘာမှမသိရသေးဘူး။ သင်္ဂြိုဟ်ဖို့ကိစ္စပဲ ဆောင်ရွက်နေတယ်။ ညီလေးက နည်းပညာတက္ကသိုလ် Be-Tech နဲ့ ကျောင်းပြီးထားတာ။ စက်မှုပိုင်းနဲ့ လိုက်ရမယ်သိထားတာ။ ဒီလို ငါးဖမ်းသင်္ဘောဆိုရင် သူလိုက်မှာမဟုတ်ဘူး။ အသက်အာမခံတော့လုပ်ထားတယ်” ဟု ပြောသည်။

ရုရှားငါးဖမ်းသင်္ဘောတွင် မြန်မာနိုင်ငံသား ၄၂ ဦးပါဝင်ပြီး ၂၂ ဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။ ၁၆ ဦး၏ ရုပ်အလောင်းများအား ဆယ်ယူရရှိကာ လေးဦးပျောက်ဆုံးနေကြောင်း သိရသည်။

နစ်မြုပ်သွားသော ရုရှားငါးဖမ်းသင်္ဘောအား ပိုင်ဆိုင်သည့် Magellan Company က အသက်ရှင်လျက်ကျန်ရှိသော မြန်မာသင်္ဘောသား ၂၂ ဦးအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ သုံးထောင်နှင့် ညီမျှသော ရူဘယ်ငွေနှင့် သေဆုံးသွားသော မြန်မာသင်္ဘောသား ၁၆ ဦးနှင့် ပျောက်ဆုံးနေသော မြန်မာသင်္ဘောသား လေးဦးတို့၏ မိဘဆွေမျိုးများအား အမေရိကန်ဒေါ်လာ တစ်သောင်းငါးထောင်နှင့် ညီမျှသော ရူဘယ်ငွေတို့ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် သိရသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-နေလင်း(သတင်းစဉ်)**

# ရေပက်ကစားရာတွင် အသုံးမပြုရန်တားမြစ်ထားသော ရေမြှုပ်စပရေးဘူးများကို တွေ့ရှိသိမ်းဆည်း

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီ မှ ရေကစားသူများအနေဖြင့် မဟာသင်္ကြန်ကာလအတွင်း ရေပက်ကစားရာတွင် ရေမြှုပ်စပရေးဘူးများ အသုံးပြု၍ ရေပက်ကစားခြင်း မပြုလုပ်ရန် သတိပေးနှိုးဆော်ချက်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့ သတိပေးနှိုးဆော်ထားသော်လည်း အချို့သောသူများက အဆိုပါ ရေမြှုပ်စပရေးဘူးများကို ရောင်းချအသုံးပြုလျက်ရှိကြောင်း သတင်းအရ ရဲတပ်ဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့ရာ ဧပြီ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ကန်တော်ကြီးပတ်လမ်း၊ တိရစ္ဆာန်ဥယျာဉ်ရှေ့ လမ်းမပေါ်တွင် သဃ်န်းကျွန်းမြို့နယ်နေ ကျော်သက်ဦး(၂၅ နှစ်)ကို ရေမြှုပ်စပရေးဘူး ၁၈ ဘူး၊ မျိုးမင်းလတ်(၂၉ နှစ်)ကို ရေမြှုပ်စပရေးဘူး ၉၅ ဘူးနှင့်အတူ ရောင်းချနေသည်ကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ကန်တော်ကြီးပတ်လမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် ပလက်ဖောင်းပေါ်၌ တာမွေမြို့နယ်နေ ဇော်လတ်(၂၆ နှစ်)ကို တစ်ဖာလျှင် ရေမြှုပ်စပရေးဘူး ၄၈ ဘူးပါ ၉၆ ဖာ၊ ၃၆ ဘူးပါ တစ်ဖာတို့နှင့်အတူ ရောင်းချနေသည်ကိုလည်းကောင်း တွေ့ရှိရသဖြင့် အဆိုပါ ရေမြှုပ်စပရေးဘူးများကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# အရှိန်မထိန်းနိုင်သောယာဉ် တိမ်းမှောက်မှုဖြစ်ပွား သင်္ကြန်ရေကစားရန် လိုက်ပါလာသူ ၃၁ ဦးဒဏ်ရာရ

**နေပြည်တော် ဧပြီ ၁၆**

ဧပြီ ၁၅ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ဇေယျာသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအဝိုင်းတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ နေပြည်တော် အမှတ်(၉) နယ်မြေရဲစခန်းမှုတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ တောင်ညိုမှ ပျဉ်းမနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာနေ ဦးစိုးကြီး(ခ)စိုးလွင်မိုး( ၄၉ နှစ်) မောင်းနှင်လာသော ၉၅/----- ဖောအပြာရောင်ယာဉ်မှာ အဝိုင်းပတ်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ထိုသို့ တိမ်းမှောက်မှုကြောင့် သင်္ကြန်ရေကစားရန် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် လယ်ဝေးမြို့နယ် ဝက်ပုတ်ရွာနေ ရဲမင်းဌေး( ၃၃ နှစ်)ပါ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၂၄ ဦးစုစုပေါင်း ၃၁ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် နေပြည်တော်ခုတင် (၁၀၀၀)ပြည့်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ဦးစိုးကြီး(ခ)စိုးလွင်မိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သင်္ကြန်ရေကစားမဏ္ဍပ်များရှေ့ ရေကစားနေသူများထံမှ ပစ္စည်းနှင့်ငွေများနှိုက်ယူသည့် ခါးပိုက်နှိုက်များ ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၁၆**

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သင်္ကြန်အကြိုကာလ နှင့် သင်္ကြန်ပွဲတော်ရက်များတွင် ထိရောက်သော ကြိုတင်ကာကွယ် အရေးယူမှုများကို ဆောင်ရွက်ခဲ့သည်။



အောင်သိန်းလှ ဝင့်သူထက် ဖြိုးဝေဦး နိုင်နိုင်အောင်

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် လှိုင်မြို့နယ် (၁၀)ရပ်ကွက် ပြည်လမ်းရှိ ရေကစားမဏ္ဍပ်ရှေ့၌ ခါးပိုက်နှိုက်ဖမ်းဆီးရမိရေး ဆောင်ရွက်နေစဉ် မွန်းတည့် ၁၂ နာရီတွင် ရေကစားနေသည့် အမျိုးသားတစ်ဦးထံမှ ဆင်းကတ်ပါ Huawei အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၆၄၀၀ တို့ ထည့်ထားသော ရေစိုခံဖုန်းအိတ်တစ်လုံးကို နှိုက်ယူလာကြောင်း မသင်္ကာဖွယ်တွေ့ရှိရသူ ရွှေပြည်သာမြို့နယ်နေ အောင်သိန်းလှ (၄၈ နှစ်)အားလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရေကစားနေသည့် အမျိုးသားတစ်ဦးထံမှ ဆင်းကတ်ပါ Huawei အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး ထည့်ထားသော ကြွပ်ကြွပ်အိပ်တစ်လုံးကို နှိုက်ယူလာကြောင်း မသင်္ကာဖွယ်တွေ့ရှိရသူ ကြည့်မြင်တိုင်မြို့နယ်နေသူများဖြစ်သည့် ဝင့်သူထက်(၃၂နှစ်)နှင့် ဖြိုးဝေဦး(ခ)ပြည့်ဖြိုးဝေ(၂၁ နှစ်)တို့ နှစ်ဦးအား လည်းကောင်း၊ ညနေ ၄ နာရီတွင် ရေကစားနေသည့် အမျိုးသားတစ်ဦးထံမှ ငွေကျပ် ၅၀၀၀၀ ထည့်ထားသော ပလတ်စတစ်အိတ်တစ်လုံးကို နှိုက်ယူလာကြောင်း မသင်္ကာဖွယ်တွေ့ရှိရသူ လှိုင်သာယာမြို့နယ်နေ နိုင်နိုင်အောင်(၂၆)နှစ်အား လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး လှိုင်မြို့မရဲစခန်းတွင် အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တာဝန်ဆောင်ရွက်နေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ကို ကိုယ်ထိလက်ရောက် ဟန့်တားနှောင့်ယှက်သူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဧပြီ ၁၆**

ဧပြီ ၁၅ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၆×၆၈ လမ်းထိပ်ရှိ Alpine မဏ္ဍပ်ရှေ့တွင် ယာဉ်များပိတ်ဆို့နေသဖြင့် ယာဉ်ကြောရှင်းလင်းရေး ဆောင်ရွက်နေသည့် အမှတ်(၅၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲတပ်ကြပ် ရေမိုးအောင်အား ၈ဃ/--- လိုက်ထရပ်အဖြူရောင်ယာဉ်ပေါ်မှ ကျောက်ဆည်မြို့နယ် မြင်စိုင်းရွာ နေ စံတင်ထူး(၂၅ နှစ်)၊ ဘဲလင်းကျေးရွာနေ ခန့်သူရိန်(ခ)ပူတူး(၂၀ နှစ်)နှင့် စိုးမိုးသူ(ခ)ဖိုးသား (၂၆ နှစ်)၊ ထားဝယ်ရွာနေ အေးမင်းစိုး(ခ)ထိပ်နီ (၂၂ နှစ်)၊ ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်နေ ဇော်လင်းအောင် (၂၂ နှစ်)နှင့် ဖိုးကုလား စိစစ်ဆဲတို့ ခြောက်ဦးမှ လိုက်လံထိုးကြိတ်ခြင်း၊ သံပိုက်တုတ်ဖြင့် ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးတာဝန် ဆောင်ရွက်နေသည့် ချမ်းအေးသာစံ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ထိန်းသိမ်းရာ စံတင်ထူးပါ ငါးဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဖိုးကုလားမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ထိုသို့ သွားရောက်ထိန်းသိမ်းရာ စံတင်ထူးပါ ခြောက်ဦးအဖွဲ့က အရှည် ငါးပေ၊ လုံးပတ် တစ်လက်မခန့်ရှိ သံပိုက်တုတ်ဖြင့် ပြန်လည်ရန်ပြုခဲ့၍ ရဲတပ်ဖွဲ့ဝင်နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် စံတင်ထူးပါ ခြောက်ဦးအား အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသည့် ဖိုးကုလားအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ယူသူလေး၏ ပေးသူပေါ့ပါး၏

ချစ်နိုင်(စိတ်ပညာ)

**လောကသည် မိမိအတွက် မဖြစ်စေရ။**
**မိမိသည် လောကအတွက် ဖြစ်စေရမည်။**

ဦးရွှေအောင်(၁၉၂၈-၁၉၉၄)

လောဘ၊ တဏှာ၊ ရမ္မက်၊ ရယူလိုသောဇောက အကုသိုလ်သဘောဖြစ်၍ မည်သူ၏ စိတ်မှာပူးကပ်သည်ဖြစ်စေ အနက်ရောင်ဖြစ်၏။ မှောင်၏။ ဆိုးကျိုးကိုရစေ၏။ နိမ့်ကျရာသို့ဆွဲချတတ်ပါ၏။

ဒါန၊ စာဂ၊ စွန့်လျှုခြင်း၊ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ ပေးဆပ်ခြင်း စေတနာစေတသိက်မှာမူ မည်သူ၏ စိတ်မှာယှဉ်တွဲသည်ဖြစ်စေ အဖြူရောင်သဘောဖြစ်၏။ အလင်းရောင်ပေး၏။ ကောင်းကျိုးကိုဖြစ်ထွန်းစေ၏။ မြင့်မားရာသို့လွင့်ပျံ့တတ်၏။

ငါ ဘာလိုချင်သည်ဆိုသော ဆန္ဒ၏ စေရာသည် သူကိုယ်တိုင်မမြင်သော လောဘဟိတ်ပင်ဖြစ်၏။ ရာဂဖြစ်၏။ တဏှာအရင်းခံ၏။ မိမိကိုယ်ကျိုးအတွက် တပ်မက်မှုသာဖြစ်၏။

ငါ ရချင်သည်ဆိုသော အာသီသမှာ အရင်းခံသဘောကတော့ ရမ္မက်မီး တောက်လောင်နေခြင်းမှ တစ်ပါး အခြားဘာမျှမဟုတ်ပေ။

ငါ့အတွက်အရေးမကြီး၊ ငါဘယ်နေရာနေရနေရ အဓိကမဟုတ်။ ကျရာနေရာ၊ ရောက်ရာအခြေအနေမှ လောကကောင်းကျိုးကို အစွမ်းကုန်သယ်ပိုးမည်ဟူသော အလောဘဟိတ် အရင်းခံမှုကသာ ကောင်းကျိုးလိုရာကို ရရှိမည်ဖြစ်၏။

မိမိနှင့်လောက၊ လောကနှင့်မိမိ၊ အကာနှင့် အနှစ်ကိုခွဲခြားတတ်အောင် ရုရှားစာရေးဆရာ လီယိုတော်စတွိုင်းက ပြဿနာမေးခွန်းသုံးခုဟူသော ဝတ္ထုမှာ သရုပ်ဖော်ရေးဖွဲ့ခဲ့ဖူး၏။ ဘဝမှာအရေးအကြီးဆုံးအလုပ်မှာ သူတစ်ပါးအကျိုးကိုဆောင်ရန် အဓိကအချက်ဖြစ်ကြောင်း၊ အရေးအကြီးဆုံးအချိန်မှာ ယခုလက်ငင်း(ပစ္စုပ္ပန်) အချိန်ဖြစ်ကြောင်း၊ အရေးအကြီးဆုံးသောလူမှာ မိမိရှေ့ရှိ (အနီးဆုံး) လူပင်ဖြစ်ကြောင်း ရှင်းပြထား၏။ ရှည်လျားမည်စိုး၍ ထိုဇာတ်လမ်းကို မဖော်ပြတော့ပါ။

အနှစ်ချုပ်၍ တစ်ဆင့်ခံပြောပြလိုသည်မှာ စာရေးဆရာမ နိုင်းနိုင်းစနေ ရေးသား (ဘာသာပြန်)ခဲ့သော ဖြစ်ရပ်တစ်ခုဖြစ်ပါ၏။ မှတ်မိသလောက် ပြန်လည်တင်ပြပါမည်။ အချိန်မှာ စီးပွားပျက်ကပ်ဆိုက်နေသော မြို့တစ်မြို့ရှိ အရောင်းပါးနေသော စားသောက်ဆိုင်၏ ညစာစားချိန်ဖြစ်၏။ ဆိုင်ရှင်ဒန်နီ (Danny) သည် သုံးလဆက်တိုက်အရောင်းထိုင်းကာ အရှုံးပေါ်နေသောဆိုင်အတွက် ဆက်ပြီးအရှုံးခံဖွင့်ရန် ငွေလည်းမကျန်တော့ပြီမို့ နက်ဖြန်၌ဆိုင်လေးကိုပိတ်ရပါတော့မည်။ ယနေ့ညသည် ဤဆိုင်၏နောက်ဆုံးညပေတည်း။ တစ်ချိန်တစ်ခါက စားသုံးသူများ တန်းစီစောင့်ရအောင် စည်ကားခဲ့ဖူးပုံကို စဉ်းစားနေမိ၏။

ညစာစားချိန်ဖြစ်သော်လည်း စားပွဲအားလုံးလူမရှိ။ စားပွဲတစ်လုံးမှာသာ သားအဖနှစ်ယောက်ရှိနေ၏။ သူတို့သားအဖကလည်း ထမင်းတစ်ပွဲသာမှာပြီး နှစ်ယောက်ခွဲဝေမျှကာ စားနေကြ၏။ ကလေးငယ်က ဟင်းမပါသဖြင့် ငိုယိုဂျီကျနေ၏။ ဖခင်က စိတ်ပျက်စွာဖြင့် ချော့မော့နေရှာ၏။

ထိုအချိန်တွင် မျက်နှာတည်တည်တင်းတင်းနှင့် လူတစ်ယောက်ဆိုင်ထဲဝင်လာ၏။ ဤညအတွက် နောက်ဆုံးစားသုံးသူဖြစ်ပုံရသော ထိုလူကို ဆိုင်ရှင်ဒန်နီက ကုသိုလ်ယူပြီး အကောင်းဆုံးဧည့်ခံလိုက်မည်ဟု ဆုံးဖြတ်လိုက်၏။ ဤဆိုင်၏နောက်ဆုံးပိတ်နှုတ်ဆက်ပွဲပေပဲ။

ဧည့်သည်က စားစရာအချို့မှာ၏။

ဒန်နီက အံ့ဩသွားအောင် ပြောလိုက်၏။

"ခင်ဗျားမှာတဲ့အစားအစာတွေ ခုချက်ချင်းပဲ ယူလာ ပါမယ်။ ဆရာထိုင်တဲ့ဒီစားပွဲဟာ ကံကောင်းခြင်းစားပွဲ Lucky Table ဖြစ်ပါတယ်။ ဒါကြောင့် ဆရာမှာတဲ့ ဟင်းတွေထမင်းတွေလည်း အခမဲ့သုံးဆောင်ပါ။ နောက်ထပ်စားချင်တာရှိရင်လည်း အချိုပွဲကအစ ကြိုက်ရာမှာပါဦး။ အခမဲ့ဧည့်ခံဦးမှာပါ"

ထိုဧည့်သည်အံ့အားသင့်သွားပုံရ၏။ မျက်ခုံးပင့်ကြည့်၏။ ထမင်းစား၏။ ဒန်နီက အချိုပွဲယူလာသောအခါထိုဧည့်သည်၏ခပ်တည်တည်မျက်နှာသည် သိသိသာသာပြုံးရွှင်လာပေပြီ။

ဘေးစားပွဲမှာစားနေသော သားအဖမှကလေးငယ်က ထိုမုန့်ပွဲ၊ သစ်သီးပွဲကိုမြင်သောအခါ သူ့ဖခင်ကို ပူဆာပါတော့သည်။ ဖခင်၏"ပိုက်ဆံကုန်ပြီ။ သိပ်မဆူနဲ့"ဟု ပြောဆိုသံကို ဒန်နီရောဧည့်သည်ပါ ကြားလိုက်မိ၏။

"အဲဒီ မုန့်စားချင်တယ် ဖေဖေ"

ဧည့်သည်က ဆိုင်ရှင်ဒန်နီကို "ကျွန်တော်လည်း ဒီစားပွဲက ကံကောင်းခြင်းကို တစ်ခြားလူတွေဆီမျှဝေပေးချင်ပါတယ်ဗျာ။ ကျသင့်တာ ကျွန်တော်က ရှင်းပါရစေ"ဟုပြောကာ အချိုပွဲများကို ကလေးငယ်သို့ ကမ်းပေးလိုက်၏။ ထိုကလေးလည်း ရှုံ့မဲ့ပူဆာဂျီကျနေရာမှ ရုတ်ချည်းပျော်ရွှင်သွားပြီးထခုန်တော့၏။ သူ့ဖခင်ကလည်း ဧည့်သည်ထံသွားကာ အထူးကျေးဇူးတင်ကြောင်း ပြောလေ၏။

ဧည့်သည်က ကလေးငယ်၏ဖခင်ကိုပါ သူ့စားပွဲမှာလာထိုင်စေပြီး မိတ်ဆွေဖွဲ့လေသည်။ သူ့နာမည်က ကူအာ (Kuer)ဖြစ်ကြောင်း၊ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်ကြောင်း မိတ်ဆက်၏။ ကလေးဖခင်၏အလုပ်အကိုင်ကို မေးသောအခါ "ကျွန်တော်ကစျေးကွက် မန်နေဂျာတစ်ယောက်ပါ။ ဒါပေမယ့် ကုမ္ပဏီက အရောင်းအဝယ်မကောင်းလို့ ဝန်ထမ်းတွေအရေအတွက်လျှော့တော့ ကျွန်တော်ဒီလကုန်ရင်အလုပ်ပြုတ်ပြီ။ အလုပ်လက်မဲ့တစ်ယောက်ပဲ ဆိုပါတော့ဗျာ"ဟု ဖြေလေသည်။

**ကျရာနေရာ၊ ရောက်ရာ အခြေအနေမှ လောက ကောင်းကျိုးကို အစွမ်းကုန် သယ်ပိုးမည် ဟူသော အလောဘဟိတ် အရင်းခံမှုကသာ ကောင်းကျိုးလိုရာ ကို ရရှိမည်ဖြစ်**

"ဟာ-အတော်ပဲဗျ။ ကျွန်တော့်ကုမ္ပဏီမှာစျေးကွက်မန်နေဂျာတစ်နေရာ လိုနေတာဗျ။ ကျွန်တော့်ကုမ္ပဏီမှာ ခင်ဗျားအင်တာဗျူးလာဝင်ကြည့်ပါလား"ဟု ဖိတ်ခေါ်လိုက်ပေသည်။

ဒန်နီထိုစကားကိုဘေးမှကြားသည်။

ကံကောင်းခြင်းစားပွဲဆိုပြီး ပိတ်ရတော့မည့်ဆိုင်ကို မပိတ်ခင်နှုတ်ဆက်ပွဲ ကုသိုလ်ဒါနလေး သူပြုလိုက်တာ မမျှော်လင့်ဘဲ လူသုံးယောက်ပျော်ရွှင်ကျေနပ်သွားကြပုံကို သူမြင်လိုက်ရသည်။ သူလည်းမြင်ရတာနှင့်ပျော်၏။ စားသောက်ဆိုင်ကို နောက်နေ့မပိတ်ရက်။ ချက်စရာပြုတ်စရာတွေဝယ်ပြီး ဆက်ဖွင့်လိုက်ပြန်၏။ တစ်ပတ်လောက်တော့ အောင့်ခံဦးမည်ဟု ဆုံးဖြတ်ကာနေ့တိုင်း ကံကောင်းခြင်းစားပွဲဟု တစ်လုံးရွေးချယ်သတ်မှတ်သည်။ ထိုစားပွဲမှာလာထိုင်သည့်စားသုံးသူများကို အခမဲ့ဧည့်ခံကျွေးမွေးသည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

ထိုသတင်းက ပတ်ဝန်းကျင်တစ်ခွင်လုံးသို့ တောမီးပမာပျံ့နှံ့သွားကာ သူ့စားသောက်ဆိုင်သို့ကံကောင်းခြင်းစားပွဲကံစမ်းမဲဝင်စမ်းချင်သူတွေ နေ့စဉ်တဖွဲဖွဲရောက်လာပေတော့သည်။ ဤသို့ဖြင့် ကျီးနှင့်ဖုတ်ဖုတ်စားသောက်ဆိုင်ကလေးသည် ယခင်ရောင်းကောင်းခဲ့စဉ်ကအတိုင်း လူတွေစည်ကားလာပြန်သည်။ ဧည့်သည်တွေဝိုင်းအုံခဲနေပြီ။

ဒန်နီ၏ဆိုင်ကား နာလန်ထူပေပြီ။

ဧည့်သည်များအပေါ် စေတနာထားခြင်း၊ ဟင်းများက အရသာရှိခြင်း၊ ဝန်ဆောင်မှုကောင်းခြင်း၊ နာမည်ကောင်းဂုဏ်သတင်းထင်ရှားခြင်းတို့ကြောင့် စီးပွားတက်လာခဲ့ချေပြီ။

ဒန်နီ၏ဆိုင်မှာ ကူအာသည် နှစ်ကာလအတော် ကြာသည်အထိ အမြဲတမ်းဖောက်သည် စားသုံးသူဖြစ်လာသည့်အပြင် ခင်မင်ရင်းနှီးသော မိတ်ဆွေလည်း ဖြစ်နေပေတော့သည်။

တစ်ရက်မှာ ကူအာက ဒန်နီကိုပြောပြ၏။

"ခင်ဗျားရဲ့ စားသောက်ဆိုင်ကို ကျွန်တော်ပထမဆုံးရောက်တဲ့နေ့က ကျွန်တော့်စိတ်ထဲမှာ ဘာတွေတွေးနေသလဲဆိုတာ ခင်ဗျားသိလား"

ဒန်နီက ခေါင်းရမ်းပြလိုက်မိ၏။ သူမသိ။

ကူအာက ဆက်ပြောသည်။

"အဲဒီညက ကျွန်တော်ထမင်းတစ်နပ်စားပြီး ကိုယ့်ကိုယ်ကိုအဆုံးစီရင်ဖို့ ဆုံးဖြတ်ချက်တစ်ခုချပြီး ဝင်လာခဲ့တာဗျ"

ဒန်နီအံ့အားသင့်သွားသည်။

ကူအာက ဆက်ပြောပြန်သည်။

"အဲဒီနေ့ညနေက ကျွန်တော့်ဇနီးက ကျွန်တော့်အတွက် စာတစ်စောင်ရေးထားခဲ့ပြီး အိမ်ကထွက်သွားတယ်ဗျာ။ စာထဲမှာ ဇနီးမယားအတွက် အချိန်လေးတောင်မပေးနိုင်ဘဲ အလုပ်ထဲမှာသာ နစ်မြုပ်နေတဲ့ လူတစ်ယောက်ကို ဆက်မပေါင်းနိုင်တော့လို့၊ သူ့ကိုလျစ်လျူရှုတဲ့ဒဏ်ကို မခံနိုင်တော့လို့၊ တခြားယောကျ်ားတစ်ယောက်နဲ့ သူလိုက်သွားပြီဆိုတဲ့ နှုတ်ဆက်စာပဲ"

ဒန်နီသည် ကူအာ့ကို စာနာစွာငေးကြည့်နေမိသည်။

"စာဖတ်ပြီး ကျွန်တော်ဟာ အသုံးမကျတဲ့လူပါလားဆိုတာ ခံစားနားလည်သွားမိတယ်။ ကျွန်တော့်မိန်းမကို ကျွန်တော်ချစ်ပါတယ်။ ချစ်လို့ယူထားခဲ့တာပဲ။ သိပ်ချစ်ခဲ့ပါတယ်။ ဒါပေမယ့် ကုမ္ပဏီရဲ့အလုပ်၊ ငွေရှာတဲ့အလုပ်ဇောမှာ အချိန်နေ့နေ့ညည ပုံအောအသုံးချပြီး ဘေးကဇနီးသည်ကိုတော့ လျစ်လျူရှုမိရာရောက်ခဲ့တယ်။ ကျွန်တော့်ရဲ့ကြီးမားတဲ့ အဲဒီအမှားကို နောင်တရမိတယ်။ အကြီးအကျယ်စိတ်ဓာတ်ကျပြီး ဘဝမှာဆက်ပြီးအသက်မရှင်ချင်တော့လောက်အောင် ကြေကွဲသွားခဲ့တယ်။ အသက်ဆက်ပြီးရှင်နေရင်ကော ဘာထူးမှာလဲ။ ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ပဲ ဆုံးဖြတ်ခဲ့ပါတယ်"

သက်ပြင်းချလိုက်ပါသည်။

ဆို့နင့်စွာပြောပြနေသော ကူအာသည် စကားကိုခေတ္တရပ်နားလိုက်သည်။ စိတ်ကိုတည်ငြိမ်အောင် ပြန်ထိန်းလိုက်သည်။

"ဒါပေမယ့် အဲဒီညမှာ ခင်ဗျားစားသောက်ဆိုင်က ကျွန်တော်ထိုင်မိတဲ့စားပွဲဟာ ကံကောင်းခြင်းစားပွဲ Good Lucky Table လို့ ခင်ဗျားလာပြောတော့ ကျွန်တော့်ကို လှောင်ပြောင်တာပဲလို့ ခံစားမိခဲ့တယ်။ သူများကျွေးတဲ့အခမဲ့ညစာကိုစားနေရင်းနဲ့ ကျွန်တော် အတွေးတစ်ခုပေါ်လာတယ်။ အဲဒီကံကောင်းခြင်းကို ငါကလည်း အခြားသူတစ်ဦးတစ်ယောက်ကို မျှဝေပေးရမယ်။ တခြားလူတစ်ယောက်ယောက် ပျော်ရွှင်သွားတာကိုကြည့်ပြီး ကျွန်တော့်ကိုယ်ကျွန်တော် အသုံးဝင်သေးတဲ့ သူပါလားလို့လည်း ခံစားမိတယ်။ ကျွန်တော့် ဘဝအသစ်တစ်ခုကို ပြန်စရမယ်လို့ပြင်ပြီး ဆုံးဖြတ်လိုက်မိတယ်"

ကူအာကိုကြည့်ပြီး ဒန်နီမျက်ရည်ဝဲမိသည်။ ဤဆိုင်လေး၏ ပိတ်သိမ်းရတော့မည့် နောက်ဆုံးနေ့ရက် နောက်ဆုံးထွက်သက် ညနေခင်းမှာ သူက ကုသိုလ်ဒါနတစ်ခုပြုလိုစိတ်ဖြင့် ကံကောင်းခြင်းစားပွဲ စိတ်ကူးလေးပေါ်ပေါက်မိသည်။ မိမိအတွက်မရည်ရွယ်။

ပေးခြင်းသက်သက်၊ ကျွေးလိုခြင်းသက်သက်။ တုံ့ပြန်မျှော်လင့်ချက် ဘာမှမရှိသော စေတနာ။

ဘယ်သူဘယ်ဝါရယ် ပုဂ္ဂလဓိဋ္ဌာန် မရည်ရွယ်ခဲ့။

တကယ့်ကံကောင်းခြင်းဆိုသည်ကား မိမိအတွက် လုံးဝမမျှော်ကိုး၊ မငဲ့ညှာဘဲသူတစ်ပါးအတွက် သက်သက်ပေးဝေခြင်း၊ ကျွေးမွေးခြင်း၊ (ဒါနကုသိုလ်) ပေးဆပ်မျှဝေလိုက်ခြင်းသာဖြစ်ကြောင်း ဒန်နီက လက်တွေ့ခံစားနားလည်သွားသည်။ သူတစ်ပါးကို ကံကောင်းခြင်းလက်ဆောင်များ ဆက်လက်မျှဝေနေချင်သော ကူအာသည်လည်း ပိုမိုတိုးတက်ကြီးပွားနေသော ကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်သွားသည့်အပြင် စိတ်ချမ်းသာသော မိသားစုကိုလည်း ပိုင်ဆိုင်နိုင်လေပြီ။ အလုပ်နှင့်မိသားစုဘဝ၊ အချိန်ကိုမျှတအောင်၊ ထိန်းညှိတတ်အောင် သင်ခန်းစာကောင်းစွာရခဲ့ပြီးပြီ။ စေတနာကောင်းလျှင် ကံကောင်း၏။

လောကတ္တစရိယ၊ လောကကောင်းကျိုးအတွက် မိမိဘဝကို ပေးဆပ်စွန့်လွှတ်ပြီး အနစ်နာခံထမ်းရွက်မည်ဆိုသူတို့အတွက် ကံကောင်းခြင်းများက စောင့်မျှော်ကြိုဆိုနေကြပါသည်။

ငါအာဏာရဖို့၊ ငါကောင်းစားဖို့၊ ငါ့မိသားစု၊ ငါ့အုပ်စုကြီးပွားချမ်းသာဖို့ဟူ၍ ရည်ရွယ်ချက်ဖြင့် ကြိုးစားကြသူများအတွက် သဘာဝနိယာမက မျက်နှာသာပေးလေ့မရှိ။ ဖေးမကူညီပေးလေ့မရှိ။

ယူချင်သူများသည် လောဘမြစ်ပင်လယ်၌ နစ်မွန်းသွားကြရတတ်၏။

ပရဟိတအတွက် ငါ့နိုင်ငံတော် ငါ့နိုင်ငံသားအတွက် အသက်နှင့်ခန္ဓာကိုယ်ပင် စွန့်လှူပေးဆပ်ဝံ့သူတို့သည်သာလျှင် နောင်ဥဒါန်းတွင်အောင် ပြည်သူများ ချစ်ခင်လေးစားခြင်းကို ခံကြရပေသည်။

ယူသူများမှာ လေးလံပြီး လဲပြိုသွားကြ၏။

ပေးသူများကား ပေါ့ပါးလွတ်လပ်ကာ အမြင့်နေရာဆီသို့ လွင့်ပျံ့ထိုးတက်ကြစမြဲပင်။ လောကသည် မိမိအတွက်ဟု လောဘမတက်ရ။ မိမိသည်သာ လောကကောင်းကျိုးအတွက် အသက်ရှည်သမျှဘဝကို တန်ဖိုးရှိအောင်အသုံးချမည်ဟု မေတ္တာစိတ်ထား၊ ဒါနစိတ်ထားဖြင့် ကြိုးစားကြရပါမည်။

## ဇီးကုန်းမြို့၌ မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲမကြာမီဖွင့်မည်

**ဇီးကုန်း ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ပန္နက်တင်ဆောက်လုပ်ခဲ့ရာ မတ် ၂၆ ရက်က တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးနေပြီဖြစ်၍ မကြာမီအတွင်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

ဇီးကုန်းမြို့ အမှတ် (၂)ရပ်ကွက် ကံကြီးလမ်းပေါ်တွင် မြေအကျယ်ပေ(၃၀×၆၀)ပေါ်တွင် တစ်ထပ် RC အဆောက်အအုံဆောက်လုပ်ခြင်းဖြစ်ပြီးအတွင်း၌ ငွေသွင်း၊ ငွေထုတ်ကောင်တာအခန်းများ၊ မီးခံသေတ္တာအထူးခန်း၊ မန်နေဂျာအခန်း၊ ပင်စင်စားများအတွက် နားနေဆောင်များ၊ သန့်စင်ခန်း၊ ရေချိုးခန်းနှင့်အုတ်ရေကန်များပါရှိကြောင်း သိရသည်။ မြန်မာ့စီးပွားရေး ဘဏ်ခွဲအဆောက်အအုံသစ်ကို ငါးလကျော်ကာလအတွင်း မူလဘဏ်နေရာဟောင်းတွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကုန်ကျငွေမှာ ကျပ်သိန်း ၇၀၀ ဖြစ်ကြောင်း တာဝန်ယူဆောက်လုပ်သော ထွန်းတင့်နိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုသက်(ဇီးကုန်း)**



# မဟာသင်္ကြန်အတက်နေ့ မြန်ပြည်တစ်ဝန်း အတာရေသဘင်ပွဲ ဆင်နွှဲမှု ပုံရိပ်မြင်ကွင်း



နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအဖွဲ့လုပျိုဖြူများ ကပြဖျော်ဖြေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - ကိုကိုစိုးညွှန့်



ဘားအံမြို့ ဇဟိုဧည့်ခံမဏ္ဍပ်၌ ယိမ်းအဖွဲ့ လုပျိုဖြူများ ကပြဖျော်ဖြေနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - နေမျိုးလွင် (iprd)




ကလေးမြို့၌ ရေပက်ခံကားများဖြင့် ရေပက်ခံထွက်သူများ၊ ရေကစားမဏ္ဍပ်များ၌ ရေကစားကြသူများ အတာရေသဘင်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲကြစဉ်။ ဓာတ်ပုံ - ဂျူနိုင်း



မလှိုင်မြို့၌ ရေကစားကြသူများ၊ ရေပက်ခံသူများဖြင့် ပျော်ပျော်ပါးပါး ကခုန် မြူးထူးကြစဉ်။ ဓာတ်ပုံ - အောင်ငွေး(မလှိုင်)



မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်စည်ကားကား တွေ့ရစဉ်။ ဓာတ်ပုံ(ပြည်နယ် ပြန်/ဆက်)




တာချီလိတ်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်၌ တစ်မူထူးခြားစွာဖြင့် ရေပက်ခံထွက်သူများကို တွေ့ရစဉ်။ ဓာတ်ပုံ - မောင်ယဉ်ကျေး(တာချီလိတ်)

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်မိသားစု ရေသဘင်မဏ္ဍပ်၌ အတာရေများပက်ဖျန်းပေး

နေပြည်တော် ဧပြီ ၁၆

**၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ရေသဘင်ပွဲတော်၏မဟာသင်္ကြန်အတက်နေ့ ယနေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းကျောင်းများနှင့် တပ်ရင်း/တပ်ဖွဲ့များရှိ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဗိုလ်လောင်းများ ပျော်ရွှင်စွာရေကစားနေမှုများအား ကြည့်ရှုအားပေးသည်။**

နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်မိသားစုရေသဘင်မဏ္ဍပ်တွင် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းတပ်ခွဲများ၏တေးသီချင်း သရုပ်ဖော်အကများဖြင့် ဖျော်ဖြေမှုများ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် တေးသံရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စစ်တက္ကသိုလ် ဗိုလ်လောင်းများ မဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သီဆိုကပြဖျော်ဖြေကြသော ယိမ်းအဖွဲ့များအား အတာရေများပက်ဖျန်းပေးပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကာ စစ်တက္ကသိုလ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တပ်မတော် ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ကျောင်းမိသားစု ရေကစားမဏ္ဍပ်၊ တပ်မတော်အင်ဂျင်နီယာ ဆောက်လုပ်ရေးတပ်ခွဲ မိသားစုရေကစားမဏ္ဍပ်၊ ပြင်ဦးလွင်တပ်မတော်ဆေးရုံ မိသားစုရေကစားမဏ္ဍပ်နှင့် တပ်မတော်အုပ်ချုပ်မှု ကျောင်း မိသားစုရေကစားမဏ္ဍပ်များသို့ သွားရောက်၍ မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေမှုများကိုလည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင်များနှင့်တေးသံရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကိုလည်းကောင်း၊ ရေကစားမဏ္ဍပ်များတွင် အရာရှိ၊ စစ်သည်၊ မိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး အတာရေများပက်ဖျန်းကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်း ကျောင်းများနှင့် တပ်ရင်း/တပ်ဖွဲ့များရှိ မိသားစု ရေသဘင်မဏ္ဍပ်များသို့တက်ရောက်၍ အတာရေသဘင် ပက်ဖျန်းပေးစဉ်။ (မြဝတီ)

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ် မိသားစုရေကစားမဏ္ဍပ်နှင့် တပ်မတော်အင်ဂျင်နီယာကျောင်း မိသားစုရေကစားမဏ္ဍပ်များသို့သွားရောက်၍ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များနှင့် တေးသံရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများနှင့်အတူ အရာရှိ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများနှင့် သင်တန်းသားများ၏ ပျော်ရွှင်စွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ပြင်ဦးလွင်တပ်မတော်ဆေးရုံ မိသားစုရေကစားမဏ္ဍပ်သို့သွားရောက်ပြီး အဆိုပါရေကစားမဏ္ဍပ်တွင် လောက်ကိုင်ဒေသတိုက်ပွဲဖြစ်စဉ်များ၌ နိုင်ငံတော်အတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာ တိုက်ပွဲဝင်ရာမှ ထိခိုက်ဒဏ်ရာရရှိပြီး ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များဖြစ်သော ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လင်း၊ ဗိုလ်ကြီး သူရိန်မင်း၊ ဗိုလ်ကျော်ဝင်းနိုင်၊ တပ်သား စမောင်ကို၊ တပ်သား ဆန်းအောင်ထွေးနှင့် တပ်သားကျော်ဆွေတို့၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်ပိတ်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၆

**မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်ပိတ်ပွဲအခမ်းအနားကို ယနေ့ သင်္ကြန်အတက်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါရေကစားမဏ္ဍပ်ရှေ့ရှိ မြက်ခင်းပြင်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်အားပေးသည်။**



ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ မိသားစုရေကစားမဏ္ဍပ်သို့သွားရောက်၍ အရာရှိ၊ စစ်သည်မိသားစုများ ပျော်ရွှင်စွာ ရေကစားနေမှု၊ သီဆိုကပြဖျော်ဖြေမှုများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပိတ်ပွဲအခမ်းအနားတွင် တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ယိမ်းအဖွဲ့များအား အတာရေများပက်ဖျန်းပေးကြပြီး**(ဝဲပုံ)** မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေသဘင်မဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။

ယနေ့သည် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည်နှင့်အညီ မဏ္ဍပ်များတွင် ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် ပျော်ရွှင်စည်ကားစွာ ရေသဘင်ပွဲဆင်နွှဲလျက်ရှိပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ မိသားစုရေကစားမဏ္ဍပ်၊ ဇေယျာသီရိမိသားစုရေကစားမဏ္ဍပ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ရေကစားမဏ္ဍပ်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး မိသားစုရေကစားမဏ္ဍပ်များတွင်လည်း ယိမ်းအကအဖွဲ့များ၏ သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်္ကြန်ချစ်သူပြည်သူများက အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## နှစ်ဆန်းတစ်ရက် နှုတ်ခွန်းဆက်

* သည်လိုနှင့် တစ်နှစ်ကုန်
သည်ပုံနှင့် တစ်နှစ်ဆန်း။
ပွဲသင်္ကြန် ပြီးမြောက်လေတော့
ပိတောက်ပျို ချိုရနံ့ဟာ
ပျံ့ကျန်ကာ နှုတ်ဆက်သီချင်းကို
ညင်းတဲ့ပုံပန်း။

* သည်လိုနှင့် အဆုံးသတ်ကာ
ဤသို့သာ အစပျိုး။
လောကသစ်မှာဖြင့်
ဘဝသစ် စိတ်သစ်တွေနဲ့
အချစ်သစ်တွေ အလှသစ်ဖွားကာ
ရှေ့ဆီသို့တိုး။

* သည်လိုနှင့်ပြင်ဆင်
ဤသို့လျှင် ဆုပန်တောင်း။
ခေတ်လမ်းထက်မှာဖြင့်
ညစ်နွမ်းတွေ ကြွေလို့သက်စေတော့
ချစ်ပန်းဝေ ရွှေသို့လက်စေတော့ရယ်လို့
နှစ်ဆန်းဆို ထိုတစ်ရက်မှာ
ခွန်းဆက်ပါကြောင်း။ ။

**စိုးမြင့်သန်းမောင်(စာပေဗိမာန်)**

## မုံရွာ၌ ရေပက်ခံထွက်သူများ ယခင်နှစ်ထက် ပိုမိုစည်ကား

မုံရွာ ဧပြီ ၁၆

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အတက်နေ့တွင် မုံရွာမြို့ပေါ်ရှိ ဌာနဆိုင်ရာမဏ္ဍပ်များနှင့် ပုဂ္ဂလိကမဏ္ဍပ်များတွင် ရေပက်ခံထွက်သူများနှင့် ရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရေပက်ခံထွက်သူတစ်ဦးကလည်း မနှစ်က မုံရွာသင်္ကြန် ဒီလောက်မစည်ဘူး။ အခုနှစ် အလွန်စည်တယ်။ မဏ္ဍပ်တွေဆိုရင် ဆိုင်ကယ်ရော၊ ကားပါ အလွန်များလို့ အကြာကြီးစောင့်ရတယ်။ တော်တော်ကို စည်ပါတယ်။ မနှစ်ကထက်စာရင် ဒီနှစ်ဆိုင်ကယ်တွေ ကားတွေကလည်း စည်းကမ်းနဲ့အညီ မောင်းနှင်ကြတဲ့အတွက် ကျွန်တော်တို့ မုံရွာသင်္ကြန်က ရိုးရာယဉ်ကျေးမှုနဲ့အညီ ဖြစ်သွားတာပေါ့။ ဖွင့်ပွဲလည်း အလွန်စည်တယ်ဗျာဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

# မန်းစက်တော်ရာဘုရားပွဲ သင်္ကြန်ကာလ ဘုရားဖူးများစည်ကား

မကွေး ဧပြီ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မန်းစက်တော်ရာဘုရားပွဲမှာ သင်္ကြန်အကြတ်နေ့အထိ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။ ဘုရားပွဲတော်ချိန်မှာ မြန်မာနှစ်ထပ်ခြင်း၊ မထပ်ခြင်းပေါ်မူတည်၍ နှစ်လ သို့မဟုတ် သုံးလကြာကျင်းပသည်။ ပွဲတော်ကိုနှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့တွင် ဖွင့်ပြီး ဧပြီလသင်္ကြန်နှစ်ဆန်းတစ်ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။



"ပွဲတော်မှာဈေးရောင်းတာ ဖွင့်ပွဲအစကနေ ပြီးတဲ့အထိ ၁၈ သိန်းလောက်ကျန်ပါတယ်။ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းကအဆင်ပြေတာပေါ့။ အချို့ဆိုင်ကြီးတွေဆို ပိုမြတ်တယ်။ ပွဲတော်မှာ အရက်၊ ဘီယာ လုံးဝမရောင်းရပါဘူး၊ ခိုးရောင်းတာကိုသိရင်လည်း သက်ဆိုင်ရာမှ ချက်ချင်းသိမ်းဆည်းပါတယ်။ ဘုရားဖူးကတော့မပြတ်ဘူး။ အမြဲစည်ပါတယ်။ ၁၀ တန်းဖြေပြီးတဲ့အချိန်နဲ့ သင်္ကြန်ရက်တွေမှာ ပိုပြီးစည်ပါတယ်။ သင်္ကြန်ရက်ဆိုရင်ကားတွေနှစ်တိုင်းကျပ်ပါတယ်။ ဒီမှာဖွင့်တဲ့ ဆိုင်ခန်းတွေက သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့မှာ အားလုံးသိမ်းပြီးပြန်ကြပါတယ်။ အဲဒီနေ့မှာပဲ ခြေတော်ရာတွေကိုသက်ဆိုင်ရာမှ သော့ခတ်ပွဲကိုပြုလုပ်ပါတယ်"ဟု ဘုရားပွဲတော်တွင် စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချသူတစ်ဦးက ပြောသည်။ ပွဲတော်အတွင်း၌ အမှတ်တရပစ္စည်းလက်ဆောင်ဆိုင်ခန်းများ၊ ဈေးဆိုင်တန်းများ၊ တည်းခိုဆောင်များ၊ စားသောက်ဆိုင်များဖြင့် စည်ကားလျက်ရှိသည်။ မန်းရွှေစက်တော်ရာဘုရားသည် မကွေးမြို့မှမင်းဘူးမြို့ဘက်သို့ ဧရာဝတီမြစ်ကူးတံတားကိုဖြတ်၍ ၄၂ မိုင်အကွာ တွင် တည်ရှိသည်။ **သတင်း-ဇူလိုင်မိုး၊ ဓာတ်ပုံ-ချစ်သမီး**

## ဥရောပသမဂ္ဂသံအမတ် ရိုလန်ကိုဘီယာ၏နှစ်သစ်နှုတ်ခွန်းဆက်လွှာ



မဟာသင်္ကြန်ပွဲတော်ခါအတွင်း မြန်မာနိုင်ငံသားများအားလုံးအတွက် အနွေးထွေးဆုံးသောဆန္ဒများ မျှဝေလိုက်ပါသည်။

မြန်မာနိုင်ငံတွင် အရေးကြီးပြီးလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ လွန်ခဲ့သည့်လေးနှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့ပြီးဖြစ်သည်။ ဤပြောင်းလဲမှုဖြစ်စဉ်ကို ဥရောပသမဂ္ဂအနေဖြင့် ကနဦးအစကတည်းကပင် ထောက်ခံအားပေးအဖော်ပြုပေးခဲ့သည်။ အားလုံးသော ပြောင်းလဲတိုးတက်မှုများအထဲမှ အထူးသဖြင့်လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးသဘောတူညီမှုများအတွက် မြန်မာပြည်သူလူထုအားလုံး၏ စုပေါင်းကြိုးစားအားထုတ်ခဲ့မှုများကို ကျွန်တော့်အနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိပါသည်။

ယခုနှစ်သစ်အချိန်အခါသည် အထူးပင် အရေးကြီးလှပါသည်။ အထွေထွေရွေးကောက်ပွဲအား ဒီမိုကရေစီ အကူးအပြောင်းအတွက် အရေးကြီးသည့်ဖြစ်စဉ်အဆင့်တစ်ခုအဖြစ် မြန်မာနိုင်ငံသားအားလုံးအမှတ်ရကြစေရန် ဆန္ဒပြုလိုက်ပါသည်။ ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးနှင့် ဥပဒေဆိုင်ရာ ပြောင်းလဲတိုးတက်မှုများနောက်ထပ်ဖြစ်ထွန်းလာစေရန်လည်း ဆန္ဒပြုလိုက်ပါရစေ။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှုများ ဆောင်ရွက်ရာတွင် လက်တွဲမိတ်ဖက်စိတ်ဓာတ်အပြည့်အဝဖြင့် ဆက်လက်ကူညီထောက်ပံ့ပေးသွားရန် ကျွန်ုပ်တို့မျှော်လင့်ပါသည်။ နိုင်ငံရေးနှင့် ကုန်သွယ်ရေးကဏ္ဍများအတွက် ကူညီထောက်ပံ့မှုအပြင် ကျွန်ုပ်တို့ဥရောပသမဂ္ဂ၏ရည်ရွယ်ချက်များကို ရောက်ရှိအောင်မြင်နိုင်ရန်အလို့ငှာ အထူးသဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးမှု၊ ပညာရေး၊ အုပ်ချုပ်ရေးစနစ်၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် အခြားကဏ္ဍများအတွက် ဖွံ့ဖြိုးမှုအကူအညီဖြစ်သည့် ဥရောပငွေတစ်ဘီလီယံကျော်ကိုလည်း ဆက်လက်အကူအညီပေးအပ်သွားမည်ဖြစ်သည်။

ပျော်ရွှင်သော မြန်မာ့နှစ်သစ် ၁၃၇၇ ခုနှစ်မှာ ကျန်းမာခြင်း၊ ချမ်းသာခြင်းနှင့်အောင်မြင်မှုအပေါင်းအားလုံးနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာ့နှစ်သစ်ကူးမင်္ဂလာပါ။

## မဟာသင်္ကြန်အတက်နေ့ မိတ္ထီလာမြို့၌ စည်ကား

**မိတ္ထီလာ ဧပြီ ၁၆**

မိတ္ထီလာမြို့ရှိရပ်ကွက်နယ်မြေအလိုက် ရေကစားမဏ္ဍပ်တိုင်းတွင် ဧပြီ ၁၆ ရက်(မဟာသင်္ကြန်အတက်)နေ့က ရေပက်ခံသူ၊ ရေကစားသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

"ဒီနေ့ မဟာသင်္ကြန်အတက်နေ့ သင်္ကြန်ကျတဲ့နောက်ဆုံးနေ့ဖြစ်တော့ မိတ္ထီလာမှာရှိတဲ့ရပ်ကွက်နယ်မြေအလိုက် ရေကစားမဏ္ဍပ်တွေမှာ ရေပက်ခံသူရေကစားသူများနဲ့ အလွန်စည်ကားပါတယ်။ ပြီးခဲ့တဲ့သင်္ကြန်သုံးရက်ထက် ဒီရက်က အစည်ကားဆုံးပဲ။ သင်္ကြန်တွင်းရေပက်ခံမထွက်တော့ဘူးဆိုတဲ့သူတွေတောင် အိမ်တွင်းပုန်းလုပ်နေရာကနေ ရေပက်ခံထွက်ကြတယ်"ဟု မိတ္ထီလာဒေသခံလူငယ်တစ်ဦးက ပြောသည်။

မိတ္ထီလာသည် ယခင်နှစ်ကကဲ့သို့ ရေကစားမဏ္ဍပ်များပြားခြင်းမရှိသော်လည်း ဝန်းဇင်းရပ်ကွက်ရေကစားမဏ္ဍပ်၊ ကျီတော်ကုန်းရပ်ကွက်ရေကစားမဏ္ဍပ်၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်ကွက်အနီးရှိ မိုးဆန်းပန်း ရေကစားမဏ္ဍပ်၊ ရီလတ်စ်ရေကစားမဏ္ဍပ်၊ မြို့မရပ်ကွက် ရွှေဘုံစေတီတော် အနီးသဇင်ရေကစားမဏ္ဍပ်၊ အောင်ဆန်းရပ်ကွက် မင်းခန့်ကျော်ရေကစားမဏ္ဍပ်တို့တွင် မဟာသင်္ကြန်အတက်နေ့က ရေကစားသူ၊ ရေပက်ခံသူများဖြင့် အလွန်စည်ကားကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် သင်္ကြန်အတက်နေ့၌ ရေပက်ကစားကြသူများဖြင့် စည်ကား သက်ကြီးပူဇော်ပွဲများလည်း ရပ်ကွက်အလိုက်ကုသိုလ်ယူပြုလုပ်လျက်ရှိ

**ကျောက်ပန်းတောင်း ဧပြီ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်၏ နောက်ဆုံးရက်ဖြစ်သော မဟာသင်္ကြန်အတက်နေ့တွင် လမ်းမများပေါ်၌ ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် ပိုမိုစည်ကားများပြားနေသလို ဘုရားကျောင်းကန်များတွင်လည်း ကုသိုလ်ဒါနပြုသူများ၊ တရားဘာဝနာပွားများသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်းသိရပြီး ရပ်ကွက်အလိုက် သက်ကြီးပူဇော်ပွဲများကိုလည်း ရိုးရာအစဉ်အလာမပျက် ပြုလုပ်လျက်ရှိကြရာ ဧပြီ ၁၆ ရက် နံနက် ၉ နာရီက စံပြရပ်ကွက် မဟာဗောဓိမွှာရုံ၌ ရပ်ကွက်သူရပ်ကွက်သားများ စုပေါင်း၍ (၄၅) ကြိမ်မြောက်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲသို့ ရပ်ကွက်အတွင်းရှိအသက် (၇၅နှစ်) နှင့်အထက် အဘိုး အဘွား ၁၅၇ ဦးရှိသည့်အနက် ၈၅ ဦးလာရောက်ကန်တော့ခံကြပြီး အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်သည်။ ယင်းနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းနှင့် ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မာဃလုလင်လူမှုကူညီရေးအသင်းလူငယ်များက ကန်တော့ခံသက်ကြီးဘိုးဘွားများအား ကန်တော့ကျိုးဖြင့် ရှိခိုးကန်တော့ကြရာ ကန်တော့ခံရပ်မိရပ်ဖဘိုးဘွားများကိုယ်စား ဆရာကြီး ဦးသန်းညွှန့်(တိုင်းရင်းသမားတော်)က နှစ်ဟောင်းမှ အညစ်အကြေးများကို ပယ်စွန့်၍ နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် အောင်မြင်မှုအသစ်များကိုရရှိကြပြီး ဘေးဘယာဝေးကွာကြစေကြောင်း ဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်လူငယ်အဖွဲ့ဝင်များက ကန်တော့ငွေများကိုလှူဒါန်းပေးအပ်ကြပြီး သက်ကြီးပူဇော်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ကန်တော့ခံမလာရောက်နိုင်သော အဘိုး အဘွားများအား အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။ အလားတူ သက်ကြီးပူဇော်ပွဲများကိုတမ္ပဝတီရပ်ကွက်၊ သာယာအေး၊ ပြည်တော်သာ၊ ဘူတာရပ်ကွက် အစရှိသည့် ရပ်ကွက်များတွင်လည်း ကျင်းပခဲ့ကြကြောင်း သိရသည်။

**နေအောင်(iprd)**






# ၁၃၇၆ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

၁၃၇၆ ခုနှစ် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ သင်္ကြန်ယိမ်းအဖွဲ့များနှင့် သင်္ကြန်ချစ်သူပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီးများက ၁၆ ဦး ယိမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဆုများ ပေးအပ်ကြသည်။

ဆက်လက်၍ နေပြည်တော် မြို့တော်ဝန် ယိမ်းပြိုင်ပွဲ ပထမဆုနှင့် အထူးဂုဏ်ပြုဆုများကို ပေးအပ်ပြီး ၁၃၇၇ ခုနှစ် နှစ်သစ်မင်္ဂလာတွင် ဘေးဘယာကင်းကွာ၍ ကျန်းမာရွှင်လန်းချမ်းမြေ့ကာ စိတ်သစ်၊ လူသစ်၊ အင်အားသစ်ဖြင့် လျှောက်လှမ်းသွားနိုင်စေရန် ဆုတောင်းပြီး မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် အနုပညာရှင်များနှင့် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ပျော်ရွှင်စွာသီဆိုဖျော်ဖြေကြပြီး နှစ်သစ်ကူးပွဲကို ဆင်နွှဲခဲ့ကြသည်။

**(သတင်းစဉ်)**



# မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်အတက်နေ့ နေပြည်တော်တစ်ဝန်း၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြ

**နေပြည်တော် ဧပြီ ၁၆**

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်အတက်နေ့ကို ယနေ့နံနက်ပိုင်းမှစတင်ကာ နေပြည်တော်တစ်ဝန်းရှိ မြို့နယ်များ၌ ပျော်ရွှင်စွာဖြင့် ဆက်လက်ဆင်နွှဲကြသည်။

နံနက်ပိုင်းမှစတင်ကာ ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများရှိရာ ရပ်ကွက်များတွင် စတုဒိသာ အကျွေးအမွေးများဖြင့် စတင်ကျွေးမွေး ဧည့်ခံလျက်ရှိသည်ကို တွေ့ရသည်။

အလားတူ နေပြည်တော် ရာဇသင်္ဂဟလမ်း ဟိုတယ်ဇုန်ရှိ ရွှေသံလွင်မိသားစု ရေကစားမဏ္ဍပ်တွင်လည်း စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိသည်။

နေပြည်တော် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များတွင် နိုင်ငံကျော်တေးသံရှင်၊ အနုပညာရှင်များက မြူးကြွဖွယ် သင်္ကြန်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများကို သီဆိုဖျော်ဖြေလျက်ရှိရာ သင်္ကြန်ချစ်သူပရိသတ်များက သောင်းသောင်းဖြဖြ အားပေးလျက်ရှိကြသည်။

နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်တွင်လည်း သင်္ကြန်တေးသီချင်းများကို အနုပညာရှင်များက သီဆိုဖျော်ဖြေလျက်ရှိကြပြီး ဝန်ကြီးဌာနများနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ ပြိုင်ပွဲဝင်ယိမ်းအကအလှအဖွဲ့များက ယိမ်းအက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြသည်။

နေပြည်တော် ရာဇသင်္ဂဟလမ်းမထက်တွင် လမ်းဘေးဝဲယာ တစ်လျှောက် ငုရွှေဝါပန်းများ ဖူးပွင့်လန်းဝေနေသကဲ့သို့ နေပြည်တော် ပျဉ်းမနားရှိ ပန်းခင်း၊ ကုန်းမြင့်၊ ပေါင်းလောင်း၊ သိုက်ချောင်း စသည့် နေရာများတွင်လည်း ဝါရွှေရည်လူးသည့် ငုရွှေဖူးတို့ ငွားငွားစွင့်စွင့် စီရရီဖူးပွင့်လျက်ရှိနေကြသည်ကို နေရာမလပ် တွေ့မြင်နေရသည်။

သင်္ကြန်ဒိုး၊ သင်္ကြန်တေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများသည်ကား နေပြည်တော်တစ်ဝန်းတွင် ခြိမ့်ခြိမ့်ညံစည်နေသကဲ့သို့ သင်္ကြန်ရေကစားကြသည့် သင်္ကြန်ချစ်သူများ၏ မျက်နှာများထက်တွင် အပြုံးပန်းများ ဝေဆာပွင့်ဖူးလျက်ရှိသည်ကို တွေ့မြင်နေကြရသည်။



နေပြည်တော် ရေပန်းဥယျာဉ်၌ မဟာသင်္ကြန်အတက်နေ့ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ တင်ထွန်းအောင်



နေပြည်တော် မြို့တော်ခန်းမ ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားနေသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

သင်္ကြန်ရေပက်ကစားခြင်း ခေတ္တရပ်နားသည့် မွန်းလွဲပိုင်းတွင် အေးရိပ်ခိုလိုသူများသည် နေပြည်တော် ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ ငလိုက်ကန်သာနှင့် အခြားသော အေးရိပ်ရနေရာများသို့ သွားရောက်၍ အနားယူအေးရိပ်ခိုကြသည်ကို တွေ့ရသည်။

ယနေ့သည်ကား ၁၃၇၆ ခုနှစ် ကုန်လွန်ကာ ၁၃၇၇ ခုနှစ်သို့ ကူးပြောင်းမည့် အခါသမယဖြစ်သည့်အားလျော်စွာ မြန်မာ့ရိုးရာ မဟာသင်္ကြန်အတက်နေ့ကို ပျော်ရွှင်ဝမ်းမြောက်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် နေပြည်တော်တစ်ဝန်းတွင် အထူး စည်ကားများပြားလျက်ရှိသည်ကို တွေ့မြင်ရသည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

မြန်မာအသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှစ၍ ခြေစစ်ပွဲကို ယှဉ်ပြိုင်ခဲ့သော်လည်း ခြေစစ်ပွဲအောင်မြင်ခြင်းမရှိသေးပေ။

အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲကို အသင်းပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်း၊ ရှစ်အုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲ အုပ်စု(A)တွင် ယူအေအီး၊ ဆော်ဒီ၊ ပါလက်စတိုင်း၊ တီမော၊ မလေးရှား၊ အုပ်စု (B) တွင် ဩစတြေးလျ၊ ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (C) တွင် တရုတ်၊ ကာတာ၊ မော်လ်ဒိုက်၊ ဘူလ်တန်၊ ဟောင်ကောင်၊ အုပ်စု(D)တွင် အီရန်၊ အိုမန်၊ အိန္ဒိယ၊ တာ့ခ်မင်နစ္စတန်၊ ဂူအမ်၊ အုပ်စု(E)တွင် ဂျပန်၊ ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ အုပ်စု(F)တွင် အီရတ်၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ အုပ်စု (G)တွင် တောင်ကိုရီးယား၊ ကူဝိတ်၊ လက်ဘနွန်၊ မြန်မာ၊ လာအို၊ အုပ်စု (H) တွင် ဥဇဘတ်ကစ္စတန်၊ ဘာရိန်း၊ ဖိလစ်ပိုင်၊ မြောက်ကိုရီးယား၊ ယီမင်တို့ပါဝင်နေသည့် ခြေစစ်ပွဲအုပ်စုပွဲစဉ်များကို ၂၀၁၅ ခုနှစ် ဇွန် ၁၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲစဉ်များအဖြစ် ဇွန် ၁၁ ရက်တွင် လာအိုအသင်းနှင့် အဝေးကွင်း၊ ဇွန် ၁၆ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် အိမ်ကွင်း၊ စက်တင်ဘာ ၃ ရက်တွင် ကူဝိတ်နှင့် အဝေးကွင်း၊ အောက်တိုဘာ ၈ ရက်တွင် လက်ဘနွန်အသင်းနှင့် အိမ်ကွင်း၊ အောက်တိုဘာ ၁၃ ရက်တွင် လာအိုနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယားနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ကူဝိတ်နှင့် အိမ်ကွင်း၊ မတ် ၂၉ ရက်တွင် လက်ဘနွန်နှင့် အဝေးကွင်းတို့ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းနှင့် ကစားရမည့် ပထမဆုံး အိမ်ကွင်းပွဲကို ကွင်းပိတ်ခံထားရသောကြောင့် ထိုင်းကွင်းတွင် သွားရောက်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ဧပြီ ၂၀ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်က ကိုင်တွယ်သွားမည်ဖြစ်သည်။

# သင်္ကြန်ရေကစားမဏ္ဍပ်တွင် ရေကစားနေသူထံမှ ဆွဲကြိုးဖြုတ်ခိုးသူအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဧပြီ ၁၆**

ဧပြီ ၁၅ ရက် နံနက် ၁၁ နာရီခွဲက မကွေးတိုင်းဒေသကြီး မကွေးမြို့ ဆားရွှေကင်းရပ်ကွက် ကမ်းနားလမ်းရှိ တိုင်းလျှပ်စစ်ရေကစားမဏ္ဍပ်ရှေ့၌ မင်းဘူးမြို့နယ် လက်ခုပ်ပင်ကျေးရွာနေ မျိုးထက်အောင်(၂၉ နှစ်)သည် တစ်ရွာတည်းနေ သူငယ်ချင်းများနှင့်အတူ ရေကစားနေစဉ် ၎င်း၏လည်ပင်းတွင် ဆွဲထားသော အလေးချိန် တစ်မတ်သားခန့်ရှိ ရွှေဆွဲကြိုးအား အမျိုးသားတစ်ဦးက ဖြုတ်ယူသွားကြောင်း သိရှိရ၍ လှည့်ကြည့်စဉ် အဆိုပါ အမျိုးသားမှာ အခြားသူတစ်ဦးထံမှ ဆွဲကြိုးအား ထပ်မံဖြုတ်ယူရန် ပြုလုပ်နေသည်ကို တွေ့ရှိရသဖြင့် မဏ္ဍပ်လုံခြုံရေးတာဝန်ဆောင်ရွက်နေသည့် မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသို့ အကြောင်းကြားခဲ့ရာ အဆိုပါ ဆွဲကြိုးဖြုတ်ခိုးသူအား မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မကွေးမြို့ မြို့ဟောင်းရပ်ကွက်နေ အောင်နိုင်သူ(၂၇ နှစ်)ဖြစ်ပြီး မျိုးထက်အောင်ထံမှ ဖြုတ်ယူခိုးထားသည့်ဆွဲကြိုးကို ၎င်းထံမှ ပြန်လည်တွေ့ရှိရသည့်အပြင် ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအတွင်းမှ ဖုန်းဆင်းကတ်နှစ်ကတ်၊ ဆင်းကတ်နှစ်ကတ်ပါ ဟန်းဆက်အဖြူရောင်တစ်လုံးနှင့် ဆင်းကတ်မပါသည့် ဟန်းဆက်အနက်ရောင်တစ်လုံးတို့ ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သောကြောင့် အောင်နိုင်သူကို မကွေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# မြင်ကွင်းစုံ၊ အရောင်စုံ မြို့ရန်ကုန်သင်္ကြန်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး၊ စိန်လွင်အောင်

**ရန်ကုန် ဧပြီ ၁၆**

နှစ်သစ်ကူးသင်္ကြန်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲ ဆင်နွှဲခဲ့ကြသည်။ အရောင်အသွေးစုံလင်သော သင်္ကြန်ပွဲတော်ရက်များအတွင်း ရေပက်ခံထွက်သူများ၊ ရေပက်သူများ၊ သင်္ကြန်မဏ္ဍပ်ကြီးများဖြင့် တေးဂီတဖျော်ဖြေတင်ဆက်မှုများ၊ စတုဒိသာကျွေးမွေးမှုများအပြင် ဝမ်းရေးအတွက် လမ်းဘေးတွင် ဈေးရောင်းချသူများလည်း အများအပြားရှိခဲ့သည်။

"ဒီနှစ်သင်္ကြန်ပွဲတော်ရက်တွေမှာ လူစည်ကားတာမှန်ပေမယ့် ဈေးရောင်းမကောင်းပါဘူး။ အရင်နှစ်တွေက တစ်နေ့ကို ငွေကျပ်တစ်သိန်းနီးပါးရောင်းရပေမယ့် အခုသင်္ကြန်မှာ ငွေကျပ်သောင်းဂဏန်းအထိ ရောင်းရဖို့ အတော်လေးကြိုးစားခဲ့ရတယ်" ဟု ကမ္ဘာအေးစေတီလမ်း အင်းလျားကန်အနီး မဏ္ဍပ်ကြီးများအနီးတွင် ကြက်သားကင်များ ရောင်းချသည့် မညွန့်ရီက ပြောသည်။

ရေပက်ခံထွက်သူများ၊ ရေကစားသူများ အားကိုးဖြင့် သင်္ကြန်ကာလ ဈေးရောင်းသူများအနေဖြင့် ယခင်နှစ်သင်္ကြန်ကထက် ယခုနှစ်သင်္ကြန်ကာလအတွင်း ဈေးရောင်းနှစ်ဆခန့် ပိုမိုများပြားခဲ့သည်။ သာမန်လမ်းဘေးဈေးရောင်းသူများ အနေဖြင့် သင်္ကြန်မဏ္ဍပ်ကြီးများရှိရာ ကမ္ဘာအေးစေတီလမ်း ကန်တော်ကြီးပတ်လမ်းတို့တွင် အများဆုံးခင်းကျင်းရောင်းချကြခြင်းဖြစ်သည်။ ရာသီဥတုပူပြင်းသော်လည်း လမ်းဘေးတွင် ရေခဲအတုံးလိုက် ရောင်းချသူများလည်း ဝယ်လိုအားကျဆင်းကာ ဝယ်သူများကို မျှော်ရသည့် အချိန်များခဲ့သည်။

မြို့တော်ဝန် မဏ္ဍပ်၊ ပြည်လမ်းရှိ မဏ္ဍပ်၊ ကမ္ဘာအေးစေတီလမ်းမပေါ်ရှိ မဏ္ဍပ်ကြီးများအပြင် ကန်တော်ကြီးပတ်လမ်း၌ရှိသော မဏ္ဍပ်များသို့ နိုင်ငံခြားသားများ အစုအဖွဲ့လိုက်လာရောက် ရေပက်ခံထွက်သလို တစ်ဦးချင်းရေပက်ခံထွက်ကြသည့် ကမ္ဘာလှည့်ခရီးသွားများလည်းတွေ့ရသည်။ သင်္ကြန်ပွဲတော်အတွင်း ထဲထဲဝင်ဝင်၊ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

သင်္ကြန်ရေပက်ခံ ထွက်သူများအနေဖြင့် မော်တော်ယာဉ်ငှားခမှာ တစ်ရက်လျှင် ငွေကျပ်တစ်သိန်းနှင့်တစ်သိန်းခွဲ၊ နှစ်သိန်းခန့်အထိ ရှိခဲ့သည်။ လူငယ်များစုပေါင်းပြီး ကားအစီးလိုက် ငှားရမ်းမှုများမှာလည်း ကမ္ဘာအေးစေတီလမ်းနှင့် ကန်တော်ကြီးပတ်လမ်းတို့တွင် ယာဉ်ကြောပိတ်ဆို့မှု အချိန်ကြာမြင့်ခဲ့သဖြင့် ရေပက်ခံရချိန်နည်းပါးခဲ့သည်။

သင်္ကြန်ပွဲတော် မတိုင်မီကပင် ရန်ကုန်မြို့တွင်း ခရီးသည်တင်ဘတ်စ်ကားများ၊ ယာဉ်လိုင်းများသတ်မှတ်ယာဉ်စီးခထက် ပိုမိုမတောင်းခံရန်နှင့်တောင်းခံပါက ထိရောက်စွာအရေးယူမည်ဆိုသော်လည်း သင်္ကြန်ကာလပြေးဆွဲနေသော ယာဉ်လိုင်းအားလုံးနီးပါးမှာ ခရီးသည်များအားအဆင်း၊ အတက်ငွေကျပ် ၅၀၀ ကို ပေါ်ပေါ်တင်တင် တောင်းယူလျက်ရှိသည်။

ပိုဆိုးသည်မှာ အင်းစိန်မှ မြေနီကုန်းအထိငွေကျပ် ၅၀၀၊ မြေနီကုန်းမှ တာမွေငွေကျပ် ၅၀၀ တောင်းယူနေရာ ခရီးစဉ်တစ်ခုလုံးအတွက် ယခင်ပုံမှန်ငွေကျပ် ၂၀၀ ရှိသော်လည်း သင်္ကြန်ကာလအတွင်း ခရီးစဉ်တစ်ခုလုံးအတွက် ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ ကောက်ခံခဲ့ကြသည်ကို ပြည်သူများ ကြုံတွေ့ခဲ့ကြရသည်။ ဒဂုံတောင်၊ ဒဂုံမြောက်၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ လှိုင်သာယာ၊ ရွှေပြည်သာတို့မှ ရန်ကုန်မြို့ထဲလာရောက်သူများ အနည်းဆုံး ဘတ်စ်ကားခငွေကျပ် ၁၀၀၀ ကုန်ကျခဲ့သည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ရပ်ကွက်တိုင်း၊ လမ်းတိုင်းနီးပါး စတုဒိသာကျွေးမွေးမှု အများဆုံးမှာ မုန့်လုံးရေပေါ် ဖြစ်သည်။ ယခင်က မုန့်ကြိတ်စက်ဖြင့်ကြိတ်ကာ မုန့်ရည်စစ်ပြီး မုန့်လုံးရေပေါ် ပြုလုပ်ရသည်မှ ယခုအခါ အသင့်ပြုလုပ်ထားသော ကောက်ညှင်းမှုန့်၊ဆန်မှုန့်များဖြင့် ပြုလုပ်နိုင်ခြင်းကြောင့် မုန့်လုံးရေပေါ်ကို ပိုမိုပြုလုပ်လာကြခြင်းဖြစ်သည်။ ဝယ်ရခက်ခဲသည်မှာ မုန့်လက်ဆောင်းဖတ်များပင်ဖြစ်သည်။ မုန့်လက်ဆောင်းဖတ်များကို ဝယ်ယူသူများသော်လည်း ပြုလုပ်သူများ ရောင်းမလောက်အောင်ရှိခဲ့သည်။

"ဝယ်သူ အလွန်များတယ်။ ကြိုတင်စာရင်းမပေးထားရင် ချက်ချင်းမရောင်းပေးနိုင်ပါဘူး။ အနည်းဆုံး တစ်ရက်ကြိုတင်မှာထားမှ ရောင်းပေးနိုင်ပါတယ်။ ဒါတောင် အားလုံး လိုသလောက်မရပါဘူး။ မျှပြီး ခွဲယူကြတာပါ" ဟု မရမ်းကုန်းမြို့နယ် မြဂန္ဓမာဈေးမှ မုန့်လက်ဆောင်းဖတ်ရောင်းသည့် ဒေါ်ကြည်က ပြောသည်။ သင်္ကြန်ပွဲတော်ကာလအတွင်း နေရာစုံ မြင်ကွင်းစုံပင်ဖြစ်သည်။

**(မြန်မာ့အလင်း)**



မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေနေသည့် ကလေးငယ်အကအဖွဲ့ကို တွေ့ရစဉ်။



သင်္ကြန်အတက်နေ့က ရန်ကုန်မြို့ အနော်ရထာလမ်းတစ်လျှောက် ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားစွာတွေ့ရစဉ်။

# မန္တလေးသင်္ကြန် အတက်နေ့ တိုးမပေါက်အောင်စည်ကား

**မန္တလေး ဧပြီ ၁၆**

ယနေ့ သင်္ကြန်အတက်နေ့တွင် မန္တလေးမြို့တော်တစ်ခွင်လုံး၌ အတာရေပက်ကစားကြသူများ၊ ရေပက်ခံထွက်သူများနှင့် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ အစဉ်အလာ အမွေအနှစ်ကောင်းများကို ထိန်းသိမ်းကာ အဆို၊ အတီး၊ အကအလှတို့ဖြင့် မြူးထူးပျော်ရွှင်စွာ ရေကစားကြရာ မန္တလေးကျုံးပတ်လည် လမ်းတစ်လျှောက်နှင့် မန္တလေးမြို့တွင်းအနှံ့ သင်္ကြန်ရေကစားမဏ္ဍပ်တို့၌ တိုးမပေါက်အောင် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အတက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေနှင့် အဖွဲ့ဝင်များသည် ကျုံးပတ်လည်ရှိ Hight Class သင်္ကြန်မဏ္ဍပ်၊ နန်းမြို့သူသင်္ကြန်မဏ္ဍပ်၊ မန္တလေးမြို့တော်ဝန်သင်္ကြန်မဏ္ဍပ်၊ Alpine သင်္ကြန်မဏ္ဍပ်စသည့် ရေကစားမဏ္ဍပ်များတွင် အတာရေသဘင်ပွဲကို အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် သင်္ကြန်ရေကစားမဏ္ဍပ်များမှ မိသားစုများနှင့်အတူ ယိမ်းလှပျိုဖြူများ၊ တေးသံရှင်များ၏ အဆို၊ အက၊ အလှများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

သင်္ကြန်ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ပွဲတော်လာ ဧည့်သည်တော်များအား ရွှေရင်အေး၊ ဖျော်ရည်၊ အအေး၊ အကြော်စုံ၊ ကြာဆံဟင်းတို့ဖြင့် ကျွေးမွေး၍ သင်္ကြန်တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

သင်္ကြန်ရေကစားမဏ္ဍပ်ရှေ့၌ ကမ္ဘာလှည့်ခရီးသည်များ၊ အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ပွဲတော်နွှဲပျော်ကြသည့် သင်္ကြန်ချစ်သူပြည်သူများ တိုးမပေါက်အောင် အထူးစည်ကားလှသည်ကို တွေ့ရသည်။

မွန်းလွဲပိုင်းတွင် ရေသဘင်ပွဲဆင်နွှဲကြသူများသည် အမရပူရမြို့ တောင်သမန်အင်း မယ်ဇယ်ပင်တန်းနှင့်ဦးပိန်တံတားတို့သို့ သွားရောက်အေးရိပ်ခို အပန်းဖြေအနားယူကြသည်။

အမရပူရမြို့ရှိ မိုးကုတ်ဝိပဿနာမဂ်လာမဂ္ဂင်ရိပ်သာ တန်ခူးလတရားစခန်း၌လည်း ဥပုသ်သီတင်းသီလစောင့်ထိန်းကာ ဒါနသီလ ဘာဝနာတရားအားထုတ်သူများအား နာယကဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များချီးမြှင့်တော်မူလျက်ရှိသည်။

သင်္ကြန်အတက်နေ့ ညနေပိုင်း အပူချိန်လွန်ကဲချိန်တွင် မန္တလေးမြို့တွင်းနှင့် ကျုံးတော်ကြီးပတ်လည်ရှိ သင်္ကြန်ရေကစားမဏ္ဍပ်၊ အလှပြမဏ္ဍပ်တို့မှ သင်္ကြန်ချစ်သူပြည်သူများ အထူးကြိုက်နှစ်သက်သော သင်္ကြန်တေးများ၊ ခေတ်ပေါ်တေးများကို အဆို၊ အကတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် မြူးထူးပျော်ရွှင်စွာ တစ်နေကုန်အောင် ရေကုန်ရေခန်း ဆင်နွှဲရေကစားကြသည်။

ညပိုင်း ဆုပေးမဏ္ဍပ်တွင် ဆုပေးပွဲ၌ ဆုပေးပွဲနှင့် မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားများကို ကျင်းပကာ မြန်မာ့ရိုးရာယဉ်ကျေး မှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ **တင်မောင်(မန္တလေး)**



## မိုးသက်လေပြင်း ကျနိုင်

**မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

# ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၆**

၁၃၇၆ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် အဆိုပါ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်စိုးနိုင်နှင့် ယင်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင် မဏ္ဍပ်အား ပိတ်သိမ်းကြောင်း ကြေညာပြီးသည်နှင့်တစ်ပြိုင်နက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မိသားစုများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ အနုပညာရှင်များက မန်းတောင်ရိပ်ခိုတေးသီချင်းဖြင့် သံပြိုင်သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဆုချီးမြှင့်ရေးအစီအစဉ်ကို ဆက်လက်ကျင်းပရာ ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲတွင် ပထမဆုရရှိသော ယိမ်းအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေကလည်းကောင်း ၊ ၁၂ ဦး ယိမ်းအလွတ်တန်းပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသော ယိမ်းအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်သက်ငွေကလည်းကောင်း၊ ၁၂ ဦး ယိမ်းကျောင်းပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ပအိုဝ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသော ယိမ်းအဖွဲ့များအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းကလည်းကောင်း၊ ၁၂ဦး ယိမ်း(ရုံး၊ ဌာန၊ အခြား) ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ၁၆ ဦးယိမ်း (ကျောင်း)ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ၁၆ ဦးယိမ်း (ရုံး၊ ဌာန၊ အခြား) ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသော ယိမ်းအဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကလည်းကောင်း၊ မွန်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ၁၂ ဦးယိမ်း(မူကြို) ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ၂၀ ဦး ယိမ်း(အလွတ်တန်း)ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသော ယိမ်းအဖွဲ့များအား ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါ်ခင်အေးနွယ်က လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိကြသော ယိမ်းများနှင့် အသင်းများက ယိမ်းအကများဖြင့် လည်းကောင်း၊ တေးသံရှင်များက Lazy Club တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများ ဖြင့်လည်းကောင်း ကပြသီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(မြို့တော်စည်ပင်)**

## မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနားကျင်းပ

**ပုသိမ် ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် နှစ်သစ်ကူးမဟာသင်္ကြန် ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီက ဗဟိုမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် သံချပ်ပြိုင်ပွဲ၊ သင်္ကြန်အလှပြကားပြိုင်ပွဲ၊ မျိုးဆက်သစ် ယိမ်းအကပြိုင်ပွဲ၊ အကြီးတန်း ယိမ်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိ သောအဖွဲ့များအား ဆုဖလားနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးခဲ့ကြပြီးနောက် ဝန်ကြီးချုပ်၏ဇနီးနှင့်လွှတ်တော်ဥက္ကဋ္ဌတို့၏ဇနီးများက အကြီးတန်းသင်္ကြန်မယ်နှင့်မျိုးဆက်သစ်သင်္ကြန်မယ်များအား ဆုများချီးမြှင့် ပေးအပ်ကြသည်။

**တိုင်းဒေသကြီး ပြန်/ဆက်**

## မကွေးမြို့၌ ပျော်ရွှင်စွာရေကစားပြီး ဗဟိုမဏ္ဍပ်ပိတ်ပွဲအခမ်းအနားကျင်းပ

**မကွေး ဧပြီ ၁၆**

မကွေးမြို့တွင် မဟာသင်္ကြန်အတက်နေ့ ပျော်ရွှင်စွာရေကစားနေမှုများအား မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်နှင့် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများသည် ဗဟိုမဏ္ဍပ်၊ ကျန်းမာရေးမဏ္ဍပ်၊ သစ်တောဦးစီးဌာနမဏ္ဍပ်၊ ဆောက်လုပ်ရေးမဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုပြီး ယိမ်းအဖွဲ့ဝင်များအား ဆုများချီးမြှင့်ခဲ့သည်။

မကွေးမြို့ မဟာသင်္ကြန်အတက်နေ့တွင် လာရောက်လည်ပတ်လျက်ရှိသည့် နိုင်ငံခြားသားခရီးသည်များကလည်း သင်္ကြန်ပွဲတော်ကို လှည့်လည်ကြည့်ရှုရင်း ပျော်ရွှင်စွာရေကစားခဲ့သည်။

**ညီညီမောင်**

# ၂၀၁၅ သင်္ကြန်နှင့် ရန်ကုန်အလွဲများ

**သတင်းမြင်ကွင်း-ခင်ရတနာ**
**သတင်းဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ကမ္ဘာအေးဘုရားလမ်းပေါ်မှာ လမ်းလျှောက်နေရင်း မျက်နှာတွေနီရဲပြီး လဲကျမလိုဖြစ်သွားတဲ့ မသူဇာကို သူငယ်ချင်းတွေကဝိုင်းဝန်း ပြုစုကြပါတယ်။ နောက်ဆုံးမှာ ခပ်လှမ်းလှမ်းက ကြက်ခြေနီတပ်ဖွဲ့ဝင်တွေရဲ့ အကူအညီနဲ့ လူရှင်းရာကိုခေါ်ဆောင်ပြီး ကားငှားလို့ နီးစပ်ရာဆေးရုံတစ်ရုံကို ခေါ်သွားခဲ့ရတယ်။

"အားလုံးက အရက် ဒါမှမဟုတ် မူးယစ်ဆေး သုံးလို့ဆိုပြီး ထင်ကြတယ်။ သမီးကအရေပြားခတ်မတည့်မှု ဖြစ်ပွားခဲ့တာပါ။ မနက်ပိုင်းကတည်းက မဏ္ဍပ်မှာ ရှိနေတယ်။ ရေကစိုလိုက် ခြောက်လိုက်နဲ့၊ ပြီးတော့ မဏ္ဍပ်နားချိန် သူငယ်ချင်းတွေနဲ့ မုန့်သွားစားတော့ ညစ်ပတ်တဲ့ရေတွေထဲမှာ ခြေထောက်တစ်ခုလုံးပူထူပြီး အသက်ရှူကျပ်လာခဲ့တာ"လို့ ပလေးဘွိုင်းမဏ္ဍပ်မှာရေလာပက်ပြီး ခတ်မတည့်မှုဖြစ်ပွားခဲ့တဲ့ မသူဇာက ပြောပြပါတယ်။

သင်္ကြန်ရက်မှာ မသူဇာလို အရေပြားခတ်မတည့်မှုတွေအများအပြားဖြစ်ပွားရခြင်းက ရေကစားရာကနေ လျှံကျလာတဲ့ ရေဆိုးတွေအကြား သွားလာမိတာကြောင့်လို့ အရေပြားအထူးကုဆရာဝန် ဒေါက်တာစုစုလှိုင်က ရှင်းပြပါတယ်။

ဒီနှစ်သင်္ကြန်ရဲ့ အလွဲတွေထဲက အဆိုးရွားဆုံး အလွဲတစ်ခုကတော့ ရေပြဿနာဖြစ်ပါတယ်။

"ရေမသန့်တာလည်း မပြောနဲ့၊ ကန်ထဲကရေတွေကိုစုပ်ယူပြီး မဏ္ဍပ်အတွက်အသုံးပြုရာမှာ ရေပိုက်တွေပျက်စီးရတယ်။ အမှိုက်သရိုက်တွေပါတယ်။ ကျွန်တော်တို့အတွက် စည်းကမ်းချက်တွေ အများကြီးချထားပေးသလို တစ်ဖက်မှာလည်း ဒီလိုမဖြစ်အောင် ရှေ့နှစ်သတိထားသင့်တယ်"လို့ ကန်တော်ကြီး ကန်ပတ်လမ်းက မဏ္ဍပ် စီစဉ်သူတစ်ယောက်က ဆိုပါတယ်။ မဏ္ဍပ်တည်ဆောက်သူတွေ အများစုကို ဒီနှစ်အခြေအနေ ပြောပြပေးပါလို့ မေးမြန်းတဲ့အခါ "အစကတည်းက အမြတ်ရဖို့အတွက် ကျွန်တော်တို့ ဆောက်တာမဟုတ်ပါဘူး။ မရှုံးဘူးဆိုရင် အတော်ကံကောင်းတာပါ။ သို့သော်မဏ္ဍပ်ခတွေကတော့ ဒီနှစ်အတော်များများ ရကြတယ်။ စည်းကမ်းတွေ ကြပ်မတ်ထားလို့ လူကုန်မတင်နိုင်တဲ့အခါ မှောင်ခိုဈေးကွက်ပေါ်လာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကုန်ကျစရိတ်က မဏ္ဍပ်ကြီးတစ်ခုကို ငွေကျပ်သိန်း ၈၀၀ ကနေ ၂၀၀၀ ကြားလောက် ကုန်ကျတယ်" လို့ ရှင်းပြကြပါတယ်။



သင်္ကြန်ကာလအတွင်း ရေကစားရန်အတွက် ရေစုပ်စက်များဖြင့် ဖြန့်ဝေနေမှုကို ဤသို့တွေ့ရသည်။

မဏ္ဍပ်မှာ ရေကစားခဈေးနှုန်းတွေ အနေနဲ့ ကြေညာစမှာ ငွေကျပ် လေးသောင်းခွဲကနေ ခုနစ်သောင်းကြားသာရှိပေမယ့် သင်္ကြန်ကာလတွေမှာ အထူးတကာ့အထူးဆိုတဲ့ အမျိုးအစားလက်မှတ်တွေ တစ်ရက်ကို ငွေကျပ်တစ်သိန်းခွဲအထိ ပေါက်ဈေးရကြတာပါ။ မှောင်ခိုဆန်ဆန် လက်မှတ်ရောင်းချသူတွေက လက်မှတ်ဝယ်ရေပက်သူအချင်းချင်းတွေသာဖြစ်ပြီး မဏ္ဍပ်ဆောက်သူတွေကတော့ ထင်သလောက်အမြတ်အစွန်းမကျန်ကြဘူးလို့ သိရပါတယ်။

"စာရင်းအတိအကျ ကောက်ယူနေတုန်းဖြစ်ပေမယ့် ယမန်နှစ်ကထက် စည်းကမ်းပိုင်းမှာ ပိုကောင်းလာတာကိုတွေ့ရပါတယ်။ တစ်လမ်းမောင်းစနစ်ကိုကျင့်သုံးပြီး ယာဉ်စည်းကမ်းကို တာဝန်ယူမှုကိုယ်စီ သတ်မှတ်ထားတာကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် လျော့ကျစေခဲ့ပါတယ်"ဟုရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူက ဆက်လက်ပြောပါတယ်။

ဒါ့အပြင် မဏ္ဍပ်များပေါ်၌ သရုပ်ပျက် ဝတ်စားဆင်ယင်မှုများကို မဏ္ဍပ်တာဝန်ခံများနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ စီမံကွပ်ကဲမှုနဲ့ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယမန်နှစ်ကနဲ့ နှိုင်းယှဉ်ပါက အလွန်အမင်းဆိုးရွားသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ မတွေ့ရတော့ဘူးလို့ လူငယ်အများစုက ပြောပြပါတယ်။

"ဆိုးရွားတဲ့ သရုပ်ပျက်ဝတ်စားဆင်ယင်သူတွေက အမျိုးကောင်းသမီးတွေ မဟုတ်ကြဘူးလို့ ထင်ပါတယ်။ မနှစ်က အဲလိုဝတ်တဲ့သူတွေ အများစုက မဏ္ဍပ်တွေလူစည်အောင် ငှားထားတဲ့ အမျိုးသမီးတွေ ဖြစ်ပါတယ်။ ဒီနှစ်တော့ဝတ်တော့ဝတ်ကြပေမယ့် သတိပေးပြီးဆွဲချရလောက်အောင်တော့ မဆိုးရွားခဲ့ပါဘူး။

"ဒါပေမယ့်ခြုံကြည့်ရင် အများစုက မြန်မာ့ယဉ်ကျေးမှု လုံးဝပျောက်ကွယ်နေပြီလို့ ပြောရင်တော့ရတယ်" လို့ မော်ဒယ်လ်တစ်ဦးက ပြောပါတယ်။

ရန်ကုန်သင်္ကြန်ရေပက်ခံထွက်ရန် ကားငှားသူ အငှားယာဉ်အချို့ သင်္ကြန်လေးရက်စလုံး ဈေးဦးမပေါက်သည်ကိုပင် ထူးထူးခြားခြားကြုံတွေ့ခဲ့ရပြီး ကားငှားရမ်းခမှာ တစ်နေ့ ငွေကျပ်တစ်သိန်းခွဲမှ ကျပ်နှစ်သိန်းအထိ ပေါက်ဈေးရှိတဲ့အတွက် အများစုက လူစည်ကားရာ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်းနဲ့ ကန်တော်ကြီး ကန်ပတ်လမ်းများကို လမ်းလျှောက် ရေပက်ခံထွက်ကြတာကို မြင်တွေ့ရပါတယ်။

"သင်္ကြန်က ပုံစံပြောင်းသွားပြီ။ ရေပက်ခံထွက်တဲ့သူက နည်းပြီး ရေပက်လိုသူကများတယ်။ နွှေအပူကိုကြောက်ကြသလို ကုန်ကျစရိတ်လည်း သက်သာတယ်လေ။ လမ်းပေါ်မှာ လူတွေပြည့်ပြီး ကားတွေက မနှစ်ကလောက် မများဘူး"လို့ ပလေးဘွိုင်းမဏ္ဍပ်မှာ ရေကစားတဲ့ မသန္တာက ပြောပါတယ်။

သင်္ကြန်ကို နေအိမ်မှာ စတုဒိသာ အမျိုးမျိုးလုပ်ကာ ကျွေးမွေးကြသူတွေပိုမိုများပြားလာပြီး အများစုက အိမ်မှာနေရင်း ရုပ်သံလိုင်းတွေက ဖျော်ဖြေတင်ဆက်မှုတွေကို ကြည့်ရှုအနားယူသူတွေလည်း များပြားလာတာတွေ့ရပါတယ်။

"သင်္ကြန်က ပျော်စရာအလွန်နည်းသွားပါပြီ။ မူးယစ်သောက်စားသူတွေအကြားသင်္ကြန်ဆိုတာ အနှစ်သာရကင်းမဲ့လာပါတယ်။ အပျော်လွန်ရာကနေ မတော်တဆအသက်ဆုံးရှုံးမှုတွေ ရှိလာပါတယ်။ ကျောင်းပိတ်ရက် ရုံးပိတ်ရက်မှာ ဥပုသ်သီလစောင့်တည်ရင်း နေအိမ်မှာအပန်းဖြေကြသူတွေအတွက် သင်္ကြန်ကအကျိုးအရှိဆုံးဖြစ်မှာပါ"လို့ မော်ဒယ် ခင်ဝင့်ဝါက ပြောပါတယ်။

**(မြန်မာ့အလင်း)**



သင်္ကြန်အပြီး ရန်ကုန်မြို့ လမ်းမကြီးများတွင် အမှိုက်များရှုပ်ထွေးမှုကြောင့် စည်ပင်ဝန်ထမ်းများ အလုပ်ရှုပ်ရပေဦးမည်။



သင်္ကြန်အတက်နေ့တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေသံလွင်ကုမ္ပဏီမိသားစု ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာရေကစားနေသူများကို တွေ့ရစဉ်။
မင်းမင်းလတ်(မန်းတက္ကသိုလ်)

# မိတ္ထီလာတွင် စည်းကမ်းမဲ့မော်တော်ယာဉ်များအား စစ်ဆေးဖမ်းဆီးအရေးယူဆောင်ရွက်

**မိတ္ထီလာ ဧပြီ ၁၆**

မိတ္ထီလာမြို့ မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် ဧပြီ ၁၂ ရက်မှ စတင်ကာ စည်းကမ်းမဲ့မော်တော်ယာဉ်များကို စစ်ဆေးဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ ဧပြီ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းအထိ စည်းကမ်းမဲ့မောင်းနှင်သည့် မော်တော်ဆိုင်ကယ် ၇၂ စီးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကွပ်ကဲမှုဖြင့် အမှတ်(၉၆) ယာဉ်ထိန်းတပ်ဖွဲ့(မိတ္ထီလာ)တပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ကျော်အောင်နှင့် တပ်ဖွဲ့ဝင်များက အဖွဲ့များခွဲ၍ စောင့်ကြည့်ဖမ်းဆီးခြင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးမော်တော်ယာဉ်ဖြင့် လှည့်လည်ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ စည်းကမ်းမဲ့မော်တော်ဆိုင်ကယ် ၇၂ စီးကို ဖမ်းဆီးရမိ အရေးယူထားခြင်းဖြစ်သည်။ ဖမ်းဆီးရမိသည့် စည်းကမ်းမဲ့မော်တော်ဆိုင်ကယ် ပိုင်ရှင်များအနေဖြင့် မြို့နယ်တရားရုံးဖွင့်လှစ်သည့် ဧပြီ ၂၂ ရက်တွင် တရားရုံးသို့ သွားရောက်၍ သတ်မှတ်ဒဏ်ငွေပေးဆောင်ပြီးမှ မော်တော်ဆိုင်ကယ်များ ပြန်လည်ထုတ်ယူရမည်ဖြစ်သည်။ ထိုသို့ မော်တော်ဆိုင်ကယ်များ ဒဏ်ငွေပေးဆောင်ထုတ်ယူရာတွင် ယာဉ်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မော်တော်ယာဉ်တွင် ပါဝင်ရမည့် အိတ်ဇောနှင့်အခြားပစ္စည်းများ ပြည့်စုံစွာ ယူဆောင်တပ်ဆင်မှသာထုတ်ယူခွင့်ပြုမည်ဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့တွင် သင်္ကြန်နှစ်ရက်အတွင်း ယာဉ်တိုက်မှုကြောင့် လေးဦးသေဆုံး

**တောင်ငူ ဧပြီ ၁၆**

သင်္ကြန်အကြိုနေ့ဖြစ်သော ဧပြီ ၁၄ ရက်နှင့် သင်္ကြန်အကျနေ့ဖြစ်သည့် ဧပြီ ၁၅ ရက်များတွင် ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်များ၌ ရေပက်ခံထွက်လာရင်း ဆိုင်ကယ်တိုက်မိမှုကြောင့် လူငယ်သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၄ ရက် ညနေ ၅ နာရီခန့်က အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု ညောင်ကြပ်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၆၉/၆ တွင် တောင်မှမြောက်သို့ ကျော်စွာဝင်း(၂၄ နှစ်) ပဲခူးလမ်းရပ်ကွက် အုတ်တွင်းမြို့နေသူ မောင်းနှင်ပြီး နောက်မှ တစ်ရပ်ကွက်တည်းနေ ရန်နောင်(၂၄နှစ်)၊ မျိုးဝင်းနိုင်(၂၈ နှစ်) တို့ လိုက်ပါစီးနင်းလာသော ကန်ဘို ၁၁၀ လိုင်စင်မဲ့ဆိုင်ကယ်ကို မြောက်မှတောင်သို့ သန့်ဇင်အောင်(၁၉ နှစ်) မဲကုန်းရပ်ကွက် အုတ်တွင်းမြို့ နေသူမောင်းနှင်ပြီး နောက်မှ တင်စိုးလင်း(၂၂)နှစ်၊ ကသစ်တန်းရပ်ကွက် အုတ်တွင်းမြို့နေသူ လိုက်ပါစီးနင်းလာသော ကန်ဘို ၁၁၀ (လိုင်စင်မဲ့)ယာဉ်မှ တစ်ဖက်ယာဉ်ကြောကို ရောက်ရှိပြီး ဝင်ရောက်တိုက်မိခဲ့ရာ ကျော်စွာဝင်းမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် ပွဲချင်းပြီးသေဆုံး၍ ကျန်သူများ စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့သည်။ ထိုနေ့ မွန်းလွဲ ၁၂ နာရီခွဲက ဖြူးမြို့နယ် ညောင်ပင်သာနယ်မြေရဲစခန်းအပိုင် ဇဟားကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၃၈/၇) နှင့် (၁၃၉/၀) အနီးတွင် ကားလမ်းအတိုင်း တောင်မှမြောက်သို့ မျိုးကိုနိုင် (၂၃ နှစ်) ကြက်ပေါင်ချောင်းကျေးရွာ ဇေယျာဝတီမြို့နေသူ မောင်းနှင်ပြီး ဂိုဒီ(ခ)သန့်ဇင်အောင် (၂၅ နှစ်) ရွှေစေတီရပ်ကွက် ဇေယျာဝတီမြို့နေသူနှင့် မျိုးဇော်အောင် (၂၅ နှစ်)တို့ သုံးဦးသည် သင်္ကြန်ရေပက်ခံထွက်ရင်း ဆိုင်ကယ်ပေါ်တွင် ခုန်ဆော့ကစားရာမှ ရေလောင်းသူတစ်ဦးကို ပွတ်တိုက်မိပြီး တိမ်းမှောက်သွားခဲ့သည်။ ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ဂိုဒီ(ခ) သန့်ဇင်အောင်မှာ ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ဧပြီ ၁၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၆၈/၂) နှင့် (၃)အကြား မှော်ရောတံတားအနီးတွင် ကားလမ်းအတိုင်းတောင်မှမြောက်သို့ အောင်မျိုးသူ(၃၀ နှစ်) မြို့စိုးကျေးရွာ ထန်းတပင်မြို့နယ်နေသူ မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ အောင်ကိုလတ်(၂၀ နှစ်)တို့ လိုက်ပါလာသော လော့ဂျာ ၁၁၀ (ယာဉ်နံပါတ်မပါ)နှင့် မျက်နှာချင်းဆိုင်ဘက်မှ လူဇော်(၃၅ နှစ်) ရှမ်းအေရပ် နေပြည်တော်နေသူ မောင်းနှင်သည့် လော့ဂျာ ၁၁၀ ၄၂ယ/--- ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ အောင်မျိုးသူနှင့် လူဇော်တို့နှစ်ဦးမှာ ရရှိထားသော ဒဏ်ရာများကြောင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



သင်္ကြန်အတက်နေ့ မဟာဗန္ဓုလလမ်းမှ ဆူးလေမြို့တော်ခန်းမသို့ ရေပက်ခံဝင်ရန် ရေပက်ခံကားများ တန်းစီနေစဉ် ပဋိပက္ခဖြစ်ခြင်းကြောင့် လုံခြုံရေးရဲများ ဖျန်ဖြေပေးစဉ်။
သန့်ဇင်ဝင်း

နေပြည်တော် ကောင်စီနယ်မြေအတွင်း သင်္ကြန်ကာလမှုခင်းကျဆင်းရေးနှင့် အများပြည်သူများလုံခြုံရေးကို နေပြည်တော် လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် တာဝန်ရှိအဖွဲ့များက သင်္ကြန်မဏ္ဍပ်များ၏ အဝင်အထွက်၌ မူးယစ်ဆေးဝါးနှင့် အရက်သေစာ သယ်ဆောင်ခြင်းရှိ မရှိ စစ်ဆေးဆောင်ရွက်စဉ်။
သန်းနိုင်(ဇမ္ဗူသီရိ)




## မွေးနေ့ဆုမွန်

### ဝါးနွယ်ကုန်း ထိပ်တင်လှ (အိမ်ရှေ့တော်)

၁၅-၄-၂၀၁၅ရက်တွင် ကျရောက်သည့် ကျေးဇူးရှင်မယ်တော်ကြီး၏ သက်တော် (၉၀) ပြည့် မွေးနေ့မှသည် နှစ်ပေါင်းရာကျော် သားသမီးမြေးမြစ်များနှင့်အတူ ကျန်းမာ ပျော်ရွှင်စွာ အမျိုး၊ ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်စေကြောင်းနှင့် ယခုဘဝမှာပင် တရားထူး တရားမြတ်ရပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားများ
ဒေါက်တာတင့်ဝေနှင့် ဇနီး
ဗိုလ်မှူးချုပ်(ငြိမ်း)ဒေါက်တာဝင်းမြင့်နှင့် ဇနီး
ဒေါက်တာအေးကျော်နှင့် ဇနီး
ဗိုလ်မှူးကြီးသက်တင်လှိုင်(ရေ)(ငြိမ်း)နှင့် ဇနီး
ဦးသက်နိုင်နှင့် ဇနီး
မြေး(၁၆)ယောက်နှင့် မြစ်(၁၀)ယောက်

## CLAIMS DAY NOTIC
## M.V GLOVIS PACIFIC VOY:NO (014)

Consignees of cargo carried by M.V GLOVIS PACIFIC VOY: NO(014) are here by notified that the vessel will arrive of about 19-4-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## လူပျောက်ကြော်ငြာ



သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာသစ်ဓမ္မာရုံလမ်း(၁၅)နယ်မြေ ကျွန်တော်၏ဇနီးဖြစ်သူ လဲ့လဲ့ခိုင်(ခ)ဝပ်စင်းသီးသည် ကျွန်တော်၏ နေအိမ်မှ ၁-၄-၂၀၁၅ရက် နံနက်၁၁း၃၀နာရီတွင်နေအိမ်မှ မပြောမဆိုဘဲ ထွက်သွားသည်မှာ ယနေ့၁၅ရက်ရောက်ရှိပါ၍ တွေ့ရှိပါက အကြောင်း ကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ ဖြားယောင်းသွေးဆောင်လက်ခံသူများကို တရားဥပဒေအရ အရေးယူသွားပါမည်။

**ဖုန်း-၀၉-၉၇၂၃၇၀၀၄၉၊ ၀၉-၃၁၆၂၇၂၃၁၊ ၀၉-၇၉၈၅၈၉၉၆၄**


## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၃ နှင့်ဆက်နွယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၂၄**

| | | |
|---|---|---|
| ၁။ ဦးခင်မောင်ဇော် | နှင့် | ၁။ ဦးချစ်ဆွေ |
| ၂။ ဒေါ်ကြူမာလာကို | | ၂။ ဒေါ်ငွေငွေကြွယ် |
| **တရားနိုင်များ** | | **တရားရှုံးများ** |

အထက်ပါအမှုမှ တရားရှုံးများဖြစ်သည့် ဦးချစ်ဆွေ၊ ဒေါ်ငွေငွေကြွယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ ၂၀၁၅ခုနှစ် ဧပြီ ၃၀ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်သို့လာရောက်စေ။

၂၀၁၅ ခုနှစ် ဧပြီ ၉ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဇော်ငွေး)
တွဲဖက်မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/မာန်ပြေ၊ မြေကွက်အမှတ်(၄၅၃/ခ)၊ မြေကွက်တည်နေရာ အမှတ်(၄၅၃/ခ)မာန်ပြေအရှေ့၁၁လမ်း၊ ၃မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဦးကျော်လွင်၊ ၂။ ဒေါ်အေးအေးမြင့်၊ ၃။ ဒေါ်ကြည်ကြည်ဇွေး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးအေးမြင့် (ဇနီး)ကွယ်လွန်သဖြင့် ၄င်း၏ပိုင်ဆိုင်ခွင့်အစုအတွက် တစ်ဦးတည်းသော ခင်ပွန်း ဦးလှဝင်း ၁၂/သကတ(နိုင်)၁၀၈၂၄၃နှင့် ကျန်အမည်ပေါက် ဦးကျော်လွင် ၁၂/သကတ(နိုင်)၁၀၈၄၆၇၊ ဒေါ်ကြည်ကြည်ဇွေး ၁၂/သကတ(နိုင်)၀၃၂၅၉၆တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၈၅၆/၂၀၁၄)ရသူ ဦးကျော်မျိုးညွန့် ၁၂/သကတ(နိုင်)၁၈၁၄၅၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အလင်း



# ကိုးကန့်သောင်းကျန်းသူများ အခြေပြုခံစစ်ဆင်နေသော ရှင်ခုတ်ထန်ဒေသနှင့် စန်တအိုက်ရှန်ကုန်းမြင့်ဒေသအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် ဧပြီ ၁၆

**ကိုးကန့်သောင်းကျန်းသူများသည် ပါစင်ကျော်ကျေးရွာ အရှေ့မြောက်ဘက်ရှိ ရှင်ခုတ်ထန်ဒေသနှင့် အရှေ့ဘက်ခြမ်းရှိ စန်တအိုက်ရှန်ကုန်းမြင့်ဒေသတွင် ခံစစ်ယူ၍ တပ်မတော်စစ်ကြောင်းများ၏ ထိုးစစ်ကိုခုခံတိုက်ခိုက်လျက်ရှိသော်လည်း တပ်မတော်သားများ၏ အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် ရှပ်ရှပ်ချွံချွံတိုက်ခိုက်မှုကြောင့် အဆိုပါကုန်းမြင့်ဒေသရှိ စစ်ဗျူဟာအရ အရေးကြီးသောတောင်ကုန်းများကို သိမ်းပိုက်နိုင်ခဲ့ပြီးယနေ့တွင်လည်း နှစ်နိုင်ငံနယ်နိမိတ် မျဉ်းအနီးရှိ ပွိုင့်-၁၅၅၃ တောင်ကုန်း၊ ပွိုင့်-၁၅၄၁ တောင်ကုန်း၊ ပန်ဝိုင်တောင်၊ ဘိုင်ကြင်ရွှေကျေးရွာ၊ ပွိုင့်-၁၈၅၉ တောင်ကုန်းနှင့် ပွိုင့်-၁၇၅၃ တောင်ကုန်းများကို ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။**

တပ်မတော်စစ်ကြောင်းများက ဧပြီ ၁၀ ရက်မှစ၍ ကိုးကန့်သောင်းကျန်းသူ ၅၀ ခန့် အခြေပြုခံစစ်ဆင်လျက်ရှိသော ပွိုင့်-၁၅၅၃ တောင်ကုန်းကို လက်နက်ကြီး ပစ်ကူနှင့်သံချပ်ကာ တိုက်ယာဉ်ပစ်ကူများရယူ၍ တိုက်ခိုက်ချေမှုန်းခဲ့သည်။ ယင်းတောင်ကုန်းသည် ခံစစ်စခန်းဟောင်းတစ်ခုဖြစ်၍ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် နီးကပ်စွာတည်ရှိပြီး ကိုးကန့်သောင်းကျန်းသူများက တောင်ကုန်းပေါ်တွင် သစ်လုံးဘန်ကာများ၊ ပစ်ကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများ ဖောက်လုပ်ထားရှိကာ ထိုးစစ်ဆင်တိုက်ခိုက်လာသော တပ်မတော်စစ်ကြောင်းအား လက်နက်ကြီးများ၊ လက်နက်ငယ်များနှင့်လက်ပစ်ဗုံးများဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည်။ သို့သော် တပ်မတော်သားများက ပစ်ကူပစ်အား ဟန်ချက်ညီစွာဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် အသက်ကိုပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံတိုက်ခိုက်ချေမှုန်းမှုကြောင့် သောင်းကျန်းသူများ ဆက်လက် ခုခံနိုင်ခြင်းမရှိဘဲ ကစဉ့်ကလျားဆုတ်ခွာသွားခဲ့ပြီး ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အဆိုပါတောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့သည်။

ထို့အပြင် ယနေ့မွန်းလွဲပိုင်းတွင် ကိုးကန့်သောင်းကျန်းသူများ ဝင်/ထွက်အခြေပြုလျက်ရှိသော အာစီကောင်းကျေးရွာအရှေ့ဘက်ရှိ ပွိုင့်-၁၅၄၁ တောင်ကုန်းကို လည်းကောင်း၊ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ်(၁၃၈)အနီးရှိ ပန်ဝိုင်တောင်ကို လည်းကောင်း၊ တာကထန်ကျေးရွာ တောင်ဘက်ရှိ ဘိုင်ကြင်ရွှေကျေးရွာကို လည်းကောင်း ဆက်လက်အောင်မြေခဲ့ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

ထို့အတူ တပ်မတော်စစ်ကြောင်းများက ကိုးကန့်သောင်းကျန်းသူများ မျှော်လင့်မထားသည့်မြင့်မားမတ်စောက်သော တောင်ကြောမှ ခက်ခဲစွာချီတက်ပြီး လုံထန်ကျေးရွာ အရှေ့ဘက်ရှိ ပွိုင့်-၁၈၅၉တောင်ကုန်းအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ ပွိုင့်- ၁၇၅၃ တောင်ကုန်းအား ညနေ ၄ နာရီတွင် လည်းကောင်း ရှင်းလင်းတိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ ကေ(၁၂)တစ်လက်၊ အာရ်ပီဂျီတစ်လက်၊ အမ်(၂၂)တစ်လက်၊ အေကေ(၄၇) တစ်လက်၊ ကျည်အိမ်မျိုးစုံခုနစ်ခု၊ ကျည်မျိုးစုံတောင့် ၃၀၆၀၊ ရှေ့ထွက်မိုင်း ၁၁ လုံး၊ တိုက်မိုင်း သုံးလုံး၊ အာရ်ပီဂျီဗုံးသီး ၁၄ လုံး၊ အာရ်ပီဂျီဗုံးသီး ပို့ကျည် ၁၇ တောင့်၊ လက်ပစ်ဗုံး ၂၃ လုံး၊ ၆၀ မမဗုံးသီး ၂၀လုံး၊ စနိုက်ပါ ပြောင်းပို တစ်ခု၊ ဓာတ်ငွေ့ကာမျက်နှာဖုံး ကိုးခု၊ အီးကွေးမန့်တစ်စုံနှင့် ဘေးလွယ်အိတ်တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး သစ်လုံးဘန်ကာအလုံး ၈၀ အား ဖျက်ဆီးနိုင်ခဲ့သည်။

အဆိုပါ ပါစင်ကျော်ကျေးရွာ အရှေ့မြောက်ဘက်ရှိ ရှင်ခုတ်ထန်ဒေသနှင့် အရှေ့ဘက်ရှိ စန်တအိုက်ရှန်ကုန်းမြင့်ဒေသအား တပ်မတော်က မတ် ၅ ရက်မှစ၍ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ကိုးကန့်သောင်းကျန်းသူများက တောင်ကြားလမ်းများမှ အင်အားအများအပြားဖြင့် ပိတ်ဆို့တားဆီးတိုက်ခိုက်ခြင်း၊ သဘာဝအတားအဆီးများ၊ လူလုပ်အတားအဆီးများနှင့် မိုင်းများထောင်၍ နှောင့်ယှက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သော်လည်း တပ်မတော်စစ်ကြောင်းများက သောင်းကျန်းသူများ မျှော်လင့်မထားသည့် မြင့်မားမတ်စောက်သော တောင်ကြောများမှတစ်ဆင့် ကျားကုတ်ကျားခဲဖြင့် ခက်ခဲပင်ပန်းစွာ အလစ်အငိုက်ရယူ၍ ချီတက်တိုက်ခိုက်ခဲ့သည်။

ထိုသို့ တိုက်ခိုက်ရာတွင် စစ်ကြောင်းလေးကြောင်းခွဲ၍ စစ်ကြောင်းတစ်ကြောင်းသည် ပွိုင့်-၁၄၇၉ မှတစ်ဆင့် ပွိုင့်-၁၅၆၄ သို့ လည်းကောင်း၊ ၎င်းမှတစ်ဆင့် ပွိုင့် -၁၄၈၆ သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် ရှင်ခုတ်ထန်ကျေးရွာသို့ လည်းကောင်း၊ ၎င်းမှတစ်ဆင့် ပွိုင့်-၁၅၈၄ သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် ပွိုင့်-၁၅၅၃ သို့ လည်းကောင်း၊ ၎င်းမှတစ်ဆင့် မာလိလင်ကျေးရွာသို့ လည်းကောင်း ချီတက်ရှင်းလင်းတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

စစ်ကြောင်းတစ်ကြောင်းသည် ပါစင်ကျော်ကျေးရွာမှ တစ်ဆင့် ပွိုင့်-၁၈၄၅၊ ထိုမှတစ်ဆင့် တာကထန်ကျေးရွာ၊ ထိုမှတစ်ဆင့် စင်းရွှေထန်ကျေးရွာနှင့် အာစီကောင်းကျေးရွာများ၊ ထိုမှတစ်ဆင့် ပွိုင့်-၁၅၄၁ နှင့် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၃၈) အနီးရှိ ပန်ဝိုင်တောင်၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၃၇) အနီးရှိ တောင်ကုန်းများသို့ ချီတက်ရှင်းလင်းတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ထို့အတူ စစ်ကြောင်းတစ်ကြောင်းသည် ချင်းရွှေဟော်မှတစ်ဆင့် တာရွှေ







ကျင်ကျေးရွာ၊ ထိုမှတစ်ဆင့် ဟိုင်းကျိုက်ကျေးရွာ၊ ထိုမှတစ်ဆင့် ပွိုင့်-၁၈၅၉၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၄၂) အနီးရှိ ကျေးရွာများသို့ ချီတက်ရှင်းလင်းတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ထို့အပြင် ယောင်ပြစစ်ကြောင်းတစ်ကြောင်းသည် လုံထန်ကျေးရွာမှတစ်ဆင့် ပွိုင့်-၁၇၅၃ တောင်ကုန်းအား ထိန်းချုပ်ထားရှိရန် စီမံဆောင်ရွက်၍ တိုက်ခိုက်ခဲ့ရာ ယနေ့တွင် ရှင်ခုတ်ထန်ဒေသနှင့် စန်တအိုက်ရှန် ကုန်းမြင့်ဒေသအား သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ကြွင်းကျန်ရစ်သော ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့အား ခြေမြန်တပ်မဟာနချုပ် စစ်ကြောင်းများနှင့် နယ်မြေခံစစ်ကြောင်းများမှ အပြီးအပိုင်တိုက်ခိုက်ရှင်းလင်းချေမှုန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်သောင်းကျန်းသူများသည် ပြည်ထောင်စုနေ့မတိုင်မီ လောက်ကိုင်မြို့အားသိမ်းပိုက်ပြီး နိုင်ငံတော်အစိုးရ အကျပ်အတည်း ဖြစ်စေရေး အကျပ်ကိုင်မှုများပြုလုပ်ရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၉ ရက်မှ စတင်၍ လောက်ကိုင်ဒေသအား တိုက်ခိုက်မှုများပြုလုပ်လာခဲ့သည်။ ကိုးကန့်သောင်းကျန်းသူများသည် အခြားလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များနှင့်ပူးပေါင်း၍ လောက်ကိုင်ဒေသအား သိမ်းပိုက်ရရှိရေး တိုက်ပွဲများဆင်နွှဲခဲ့သော်လည်း တပ်မတော်အနေဖြင့် သောင်းကျန်းသူများအား အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ ကိုယ်ကျိုးစွန့်တိုက်ခိုက်ခဲ့မှုများကြောင့် ကိုးကန့်သောင်းကျန်းသူများ၏ အလစ်အငိုက်တိုက်ခိုက်မှုကို ခုခံရှင်းလင်းနိုင်ခဲ့ပြီး ၎င်းတို့ အဓိကခံစစ်ဆင် အခြေပြုလျက်ရှိသော တောင်ကုန်းများအား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ လောက်ကိုင်ဒေသတစ်ခုလုံး၏ အဓိကအချက်အချာကျသော နယ်မြေများအား သိမ်းပိုက်ထိန်းချုပ်နိုင်ပြီဖြစ်သည်။

လောက်ကိုင် ဒေသအတွင်း တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီ ၉ ရက်မှ ယနေ့အထိ ထိတွေ့တိုက်ပွဲစုစုပေါင်း ၂၅၃ ကြိမ်ဖြစ်ပွားခဲ့ကာ ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်း ၇၄ လောင်း၊ လက်နက်မျိုးစုံ ၂၂၆ လက်၊ ကျည်မျိုးစုံ ၂၄၆၂၇ တောင့်၊ ဗုံးသီးမျိုးစုံ ၂၈၉ လုံး၊ ဖမ်းမိ/အလင်းဝင် ၂၂ ဦးနှင့် ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၇၇၆၁၆ ကျော်တန်ဖိုးရှိမူးယစ်ဆေးဝါးမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့သည်။

ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ် လုံခြုံစေရေးအတွက် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်တိုက်ခိုက်လာသော သောင်းကျန်းသူများအား တပ်မတော်အနေဖြင့် အရိုးကြေကြေ အရည်ခန်းခန်း ပြတ်ပြတ်သားသားတိုက်ခိုက်ချေမှုန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုထားကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

---

နိုင်ငံတကာသတင်း

# အင်ဒိုနီးရှားတိုက်လေယာဉ်တစ်စင်း ထွက်ခွာပျံသန်းရန် ပြင်ဆင်နေစဉ် မီးလောင်

**ဂျကာတာ ဧပြီ ၁၆**

အမေရိကန်ပြည်ထောင်စုက အင်ဒိုနီးရှားလေတပ်သို့ ပေးအပ်ထားသော F-16 တိုက်လေယာဉ်တစ်စင်းသည် ဧပြီ ၁၆ ရက်တွင် မြို့တော်ဂျကာတာရှိ ဟာလိမ် ပါဒါနာကူဆူမာလေဆိပ်မှ ထွက်ခွာပျံသန်းရန် ပြင်ဆင်နေစဉ် မီးလောင်ခြင်းခံခဲ့ရကြောင်း အင်ဒိုနီးရှား စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါတိုက်လေယာဉ်မှာ မြို့တော်ဂျကာတာနှင့် ဘန်ဒေါင်းမြို့တွင် ကျင်းပမည့် နှစ်(၆၀) ပြည့်မြောက် အာရှ-အာဖရိကနှစ်ပတ်လည် ထိပ်သီးညီလာခံ လုံခြုံရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုအတွက် ဟာလိမ်ပါဒါနာကူဆူမာလေဆိပ်မှ ထွက်ခွာပျံသန်းရန် ပြင်ဆင်နေစဉ် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား လေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး ဟာဒီကာဟိုင်ယန်တိုက ပြောကြားသည်။

အင်ဒိုနီးရှား လေတပ်၏ F-16 တိုက်လေယာဉ်တစ်စင်းသည် အာရှ-အာဖရိကနှစ်ပတ်လည်ထိပ်သီးညီလာခံ လုံခြုံရေးနှင့်ပတ်သက်သည့် စစ်ရေးလေ့ကျင့်မှုအတွက်လေဆိပ်မှ ထွက်ခွာရန်ပြင်ဆင်နေစဉ် မီးလောင်ခြင်းခံခဲ့ရကြောင်း ကာဟိုင်ယန်တိုက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

သို့သော် လေယာဉ်မှူးသည် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း၊ ယခုတိုက်လေယာဉ်မီးလောင်မှုနှင့် ပတ်သက်ပြီး တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုလုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ကာဟိုင်ယန်တိုက ထပ်မံပြောကြားသည်။

**(ဆင်ဟွာ)**

ဆောင်းပါး

# မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နှစ်ဆန်းချိန်ခါ

ဝိသုဇ္ဇက-ပဲခူး



တန်ခူးလရာသီသည် တောင်လေသုတ်ဖြူးကာ မိုးသားကျူးသည်။ ဖူးပွင့်သောရာသီပန်းမှာ ကံ့ကော်၊ ပိတောက်တို့ဖြစ်သည်။ မြန်မာပြည်တွင် ရာသီတိုင်း၊ လတိုင်းသည် ရာသီပွဲတော်များရှိကြရာတွင် တန်ခူးလတွင် ကျင်းပသော ရာသီပွဲတော်ကား သင်္ကြန်ပွဲတော်(ဝါ) အတာကူးပွဲတော်(ဝါ)နှစ်သစ်ကူးပွဲတော်တို့ဖြစ်သည်။

သင်္ကြန်ဆိုသည်မှာ ရာသီခွင်ပြောင်းလဲခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းလဲခြင်း၊ နှစ်ဟောင်း၏ နောက်ဆုံးလဖြစ်သော တန်ခူးလသို့ ပြောင်းလဲခြင်း၊ မိန်ရာသီမှ မိဿရာသီသို့ ပြောင်းလဲခြင်းတို့ကို "သင်္ကြန်" ဟုခေါ်သည်။

ထို့ပြင် တနင်္ဂနွေဂြိုဟ်ဖြစ်သော နေမင်းသည် တောင်ဘက် ဒက္ခိဏာယာဉ်စွန်းတန်းမှသည် မြောက်ဘက်ဥတ္တရယာဉ်စွန်းတန်းသို့ ပြောင်းရွှေ့လာခြင်းကြောင့် ရွေ့လျားခြင်းဟု အဓိပ္ပာယ်ကိုလည်း ယူဆရသည်။ ထို့ကြောင့် ပူနွေးသောနွေရာသီဖြစ်ပေါ်လာသည်။ နေကို အကြောင်းပြု၍ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတုဟူ၍ ဥတုသုံးပါး၏ လည်ပတ်မှု၊ ရွေ့လျားမှုတို့ ဖြစ်ပေါ်လာရသည်။

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီတိုင်းတွင် တန်ခူးလသင်္ကြန်ပွဲတော်သည် ဗုဒ္ဓသာသနာဆိုင်ရာ ရာဇဝင်သမိုင်းဆိုင်ရာ နောက်ခံသမိုင်းပုံပြင်မြောက်မြားစွာတို့ ရှိနေတတ်ကြ၏။ သင်္ကြန်ပွဲနှင့် ဆိုင်သော ပုံပြင်တို့မှာလည်း ဒဏ္ဍာရီလည်းဆန်သည်။ စိတ်ဝင်စားဖွယ်ရာလည်း ဖြစ်၏။

ထိုထဲတွင် သိကြားမင်းနှင့် ဗြဟ္မာမင်းနှစ်ဦးတို့သည် သင်္ချာပုစ္ဆာတစ်ခု တွက်ချက်မှုကို အကြောင်းပြု၍ အငြင်းပွားကြသည်။ မည့်သူ၏တွက်ချက်မှုက မှန်ကန်ကြောင်းကို အဆုံးအဖြတ်ရယူရန် လူ့ပြည်တွင်ရှိသော ကဝိလမိုင်းဆရာကြီးထံရောက်ရှိပြီး ဆရာကြီး၏ ဆုံးဖြတ်ချက်အရ မှန်ကန်သော သူကမှားသောသူ၏ ဦးခေါင်းကိုဖြတ်ရန် သဘောတူကြသည်။ ကဝိလမိုင်းဆရာကြီးသည် သိကြားမင်းတွက်ချက်မှု မှန်ကန်ကြောင်း အဆုံးအဖြတ်ပေးလိုက်၏။

ဤတွင် သိကြားမင်းက ဝရဇိန်လက်နက်ဖြင့် အာသီဗြဟ္မာကြီး၏ ဦးခေါင်းကို ဖြတ်လိုက်သည်။ ဗြဟ္မာမင်းကြီး၏ ဦးခေါင်းပြတ်ကို လူ့ပြည်သို့ချပါက လူ့လောကကြီးတစ်ခုလုံး ပြာကျသွားနိုင်သည်။ ပင်လယ်သမုဒ္ဒရာတွင် ပစ်ချပါကလည်း ရေများခန်းခြောက်သွားမည်။ မည်သည့်နေရာတွင်မျှထားရန် မသင့်တော်သောကြောင့် နတ်သမီးခုနစ်ဖော်တို့အား အလှည့်ကျစီကိုင်ဆောင်ထားရန် တာဝန်ပေးထား၏။ ဗြဟ္မာကြီး၏ ခန္ဓာကိုယ်ကိုလည်း ဦးခေါင်းမဲ့ထား၍ မဖြစ်သောကြောင့် မဟာပိဂ်လ နတ်ဆင်ကြီး၏ ဦးခေါင်းကိုဖြတ်၍ ဗြဟ္မာကြီး၏ကိုယ်တွင်ထပ်ရာ မဟာပိန္နဲနတ်ကြီးဖြစ်လာ၏။

နေ့နံသင့် နတ်သမီးခုနစ်ဖော်တို့သည် လူ့ပြည်တွင် တစ်နှစ်တာဖြစ်ပြီး နတ်ပြည်၏ တစ်ရက်ကျစီ၊ ဗြဟ္မာမင်းကြီး ဦးခေါင်းကို ကိုင်ဆောင်ကြရသည်။ ဗြဟ္မာမင်းကြီးဦးခေါင်းကို လွှဲပြောင်းပေးလိုက်ရသော နတ်သမီးသည် တာဝန်ပြီးသွားပြီး လက်ခံယူသော နတ်သမီးသည် တာဝန်ကြီးကျရောက်ခြင်းဖြစ်၏။

ယင်းသို့ ဗြဟ္မာမင်းကြီးဦးခေါင်း လက်လွှဲပြောင်းပြုခြင်းကိုလည်း "သင်္ကြန်" ဟုခေါ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသေးသည်။ မြတ်ဘုရားရှင်၏ သာသနာတော်ကို သိကြားမင်းစောင့်ရှောက်သောခေတ်ရောက်ရှိနေသည်။ ထို့ကြောင့် သိကြားမင်းသည် ဝိသကြုံ၊ မာတလိနတ်နှစ်ပါးနှင့်အတူ နှစ်စဉ်သင်္ကြန်အချိန်တွင် လူ့ပြည်သို့ ဆင်းသက်လာပြီး သုစရိုက်၊ ဒုစရိုက်၊ အကျင့်ကောင်း၊ အကျင့်ဆိုးကျင့်ကြသော လူတို့ကို စစ်ဆေးကြည့်ရှု၏။

သင်္ကြန်အကျနေ့ဆိုသည်မှာ တာဝတိံသာနတ်ပြည်မှ သိကြားမင်းသည် ဝိသကြုံနတ်၊ မာတလိနတ်တို့နှင့်အတူ လူ့ပြည်သို့ ဆင်းသက်လာသောနေ့ဖြစ်သည်။ အကြတ်နေ့ဆိုသည်မှာ သိကြားမင်း လူ့ပြည်တွင် လှည့်လည်ကြီးကြပ်စစ်ဆေး စာရင်းကောက်ယူ မှတ်တမ်းတင်သောနေ့ဟု ဆိုသည်။ အတက်နေ့ကား ကြီးကြပ်စစ်ဆေးသော စာရင်းကောက်တာဝန်ပြီးဆုံး၍ သိကြားမင်းနှင့် ဝိသကြုံနတ်၊ မာတလိနတ်နှင့် တာဝတိံသာနတ်ပြည်သို့ ပြန်လည်တက်ရောက်သွားသောနေ့ဟု ဆိုလိုသည်။

သင်္ကြန်ပွဲတော်သည် မေတ္တာတရားပွားများခြင်း၊ ယဉ်ကျေးသိမ်မွေ့သော စိတ်ထားဖြင့် သန့်စင်အေးမြသော ရေဖြင့်ပက်ဖျန်းခြင်း၊ ကောင်းမြတ်သော စိတ်ထားဖြင့် ပျော်ရွှင်မြူးထူးခြင်း၊ သီ၊ ဆို၊ ကခုန်၊ တီးမှုတ်ခြင်းကို လူငယ်လူရွယ်တို့က ပြုကြသည်။ သက်ကြီးရွယ်အိုတို့ကမူ ဘုရားသွား၊ ကျောင်းတက်၊ သီတင်းသီလ ဆောက်တည်ခြင်း၊ ဘုရားပုထိုးရုပ်ပွားဆင်းတုတော်တို့ကို ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်း၊ ကုသိုလ်ကောင်းမှုများပြုခြင်း၊ တရားဘာဝနာပွားများခြင်း များပြုကြ၏။

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ ၁၇-၄-၂၀၁၅ (သောကြာနေ့)သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နှစ်ဆန်းတစ်ရက်နေ့ ဖြစ်သည်။ မြန်မာတို့၏ နှစ်ဆန်းအခါသည် ရွှင်မြူးနှစ်သက်စရာပင်ဖြစ်သည်။ သစ်လွင်သော နှစ်သစ်၏ ချစ်စဖွယ်ကောင်းသော အချိန်နာရီဗီဇနာခယာ စက္ကန့်၏အရောင်သည်လည်း သာယာနှစ်သက်ဖွယ်ကောင်းလှပါ၏။

နှစ်ဟောင်းပယ်၍ နှစ်သစ်ကိုရောက်လာတိုင်း ပျော်ရွှင်မြူးထူးကြသည်။ နှစ်ဟောင်း၏အပြစ်အနာများကို အေးမြသော နှစ်သစ်၌ ကုသိုလ်ကောင်းမှုပြုခြင်းဖြင့် ဆေးကြောကြသည်။ ချမ်းသာသုခပြည့်စုံရန် ဆုတောင်းကြလေသည်။ အမှန်အားဖြင့် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်အခါ ဖြစ်သည့်အလျောက် ကြည်ရွှင်မြူးထူးအပျော်မကြူးဘဲ သတိသံဝေဂရဖွယ်တို့အား ဆင်ခြင်ကြရမည်ဖြစ်သည်။ ကမ္ဘာဌာန်းဆရာတို့၏ အဆိုအရ အဟောင်းတို့သည် ဥပဒ်ဋ္ဌီဘင်အားဖြင့် ကုန်ဆုံးသွားခဲ့ပြီဖြစ်၏။ ဤသို့ဖြင့် ရုပက္ခန္ဓာ ၂၈ ပါး ရုပ်တရားတို့သည် ဥပဒ်ဋ္ဌီဘင်အားဖြင့် ခဏငယ်သုံးချက်အရ အဟောင်းတို့ချုပ် အသစ်အသစ်သို့ဖြစ်ပေါ်၍ လာလေ၏။

သုံးလောကထွတ်ထား မြတ်ဘုရားရှင်လက်ထက်၌ တာဝတိံသာမှ သိကြားမင်းသည် မပျော်မွေ့ခြင်း၊ အဝတ်ပုဆိုးတို့ ညစ်နွမ်းခြင်း၊ ပန်ထားသည့်ပန်းများညှိုးနွမ်းခြင်း၊ လက်ကတီးခြားမှ ချွေးယိုခြင်းတို့ကြောင့် သက်တမ်းကုန်ဆုံး၍ စုတိစိတ်ကျမည့်အရိပ်များ ထင်လာ၏။

"ချမ်းသာကြောင်း ကောင်းမြတ်သောတရားကို ဟောကြားတော်မူပါဘုရား"ဟူ၍ မြတ်ဘုရားထံပါးသို့ ချဉ်းကပ်ကာ လျှောက်ထားတော်မူလေ၏။ မြတ်ဘုရားရှင်သည်-----

**နာ ညတြ ဗောဇ္ဈာတပသာ**
**နာ ညတြ ဣြယသံဝရာ**
**နာ ညတြ သဗ္ဗနိဿဂ္ဂါ**
**သောတ္ထိံပဿာမိပါဏိနံ။**

ဗောဇ္ဈင်တရားခုနစ်ပါးကို သတိသံဗောဇ္ဈင်၊ ဓမ္မဝိစယသံဗောဇ္ဈင်၊ ဝီရိယသံဗောဇ္ဈင်၊ ပီတိသံဗောဇ္ဈင်၊ ပဿဒ္ဓိသံဗောဇ္ဈင်၊ သမဓိသံဗောဇ္ဈင်။ ဥပေက္ခာသံဗောဇ္ဈင်တည်းဟူသော သံဗောဇ္ဈင်တရားခုနစ်ပါးကို ရှောင်ဖယ်ကြဉ်ရှားအလွတ်ထား၍ သတ္တဝါဗိုလ်ခြေများဝေနေတို့၏ ချမ်းသာကြောင်းလမ်းကောင်းလမ်းမြတ်ကို ငါဘုရားမြင်တော်မမူ။ ဣန္ဒြေခြောက်ပါး ခြောက်တံခါးနှင့် လုံးစုံစောင့်ရှောက်ထိန်းသိမ်းခြင်းအမှုကို ရှောင်ဖယ်ကြဉ်ရှားအလွတ်ထား၍ သတ္တဝါဗိုလ်ခြေများဝေနေတို့၏ ချမ်းသာကြောင်း လမ်းကောင်း လမ်းမြတ်ကို ငါဘုရားမြင်တော်မမူ။ အလုံးစုံသော ဘုံဘဝသင်္ခါရတို့ကို စွန့်လွှတ်၊ လွတ်မြောက်နိဗ္ဗာန်ရောက်သည်ကို ရှောင်ဖယ်ကြဉ်ရှားအလွတ်ထား၍ သတ္တဝါဗိုလ်ခြေများဝေနေတို့၏ ချမ်းသာရာ ချမ်းသာကြောင်း လမ်းကောင်းလမ်းမြတ်ကို ငါဘုရားမြင်တော်မမူဟူ၍ ဟောကြားတော်မူလေ၏။ ထိုတရားတော်ကိုနာရသော တာဝတိံသာ သိကြားမင်းသည် ဘဝဟောင်းပစ်၍ ဘဝသစ်ဖြစ်သွားလေ၏။ ဤသို့ဘဝဟောင်းပစ်၍ ဘဝသစ်ဖြစ်သွားရသည်ကို မြတ်ဘုရားရှင်နှင့် ကိလေသာကုန်ပြီးသော ရဟန္တာမြတ်တို့မှသာလျှင် သိတော်မူကြလေ၏။

မြတ်ဘုရားရှင်၏ "နာညတြ" အစရှိသော ဂါထာကိုဟောကြားသဖြင့် သိကြားမင်းအသစ်ဖြစ်၍ တာဝတိံသာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တစ်ထောင်၊ လူတို့၏အရေအတွက်အားဖြင့် သုံးကုဋေခြောက်သန်း အသက်ရှည်၍နေပြန်လေ၏။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ရောက်လာသည့် နှစ်သစ်မင်္ဂလာအခါတွင် "နာညတြ"စသော ဂါထာတော်မြတ်ကို ရွတ်ဖတ်နာကြားမှတ်သားကြပါ။ သိကြားမင်းကဲ့သို့ ကောင်းသောအကျိုးတရားကိုသာလျှင် ခံစားရပေလိမ့်မည်ဖြစ်သည်။ တစ်နှစ်တာကုန်ဆုံးခြင်းနှင့်ဘဝခရီး၏မိုင်တိုင်၊ မှတ်တိုင်များတစ်တိုင်မှတစ်တိုင်သို့ ကူးပြောင်းရောက်ရှိလာခြင်းသာဖြစ်၍ ခန္ဓာကိုယ်၏ အသက်သည်လည်း တစ်နှစ်ထက်တစ်နှစ် ကူးပြောင်းဟောင်းနွမ်းယိုယွင်းလာခဲ့ကြရလေ၏။

မြတ်ဘုရားရှင်က လောကကြီးကို အဆုံးမဲ့ဖြစ်ပျက်နေသောဖြစ်စဉ်ကြီးတစ်ခုဖြစ်ကြောင်းကို ဟောကြားတော်မူသည်။ ခပ်သိမ်းတို့သည် အမြဲမရှိပြောင်းလဲနေကြကုန်၏။ အဆက်မပြတ် ပြုပြင်ပြောင်းလဲလျက်သာနေကြရသည်။ ဖြတ်တောက်ခြင်းမရှိတဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်ပြီးပျက်ကာ ပြောင်းလဲခြင်းသဘောကို ဆောင်သောရွေ့လျားခြင်းတစ်ခုဖြစ်ကြောင်း ဟောတော်မူပေသည်။ အရာခပ်သိမ်းတို့သည် တစ်ခဏစီသာဖြစ်တည်ကြရကုန်သည်။ အရာခပ်သိမ်းတို့သည် ဖြစ်လာလိုက်ပျက်စီးပြောင်းကြလိုက်နှင့်သာ ဖောက်ပြန်ပြောင်းလဲနေကြခြင်းဖြစ်သည်။ သတ္တဝါတို့သည် မွေးခြင်း၊ သေခြင်းဖြစ်နေကြရ၏။

သက်ရှိနှင့် သက်မဲ့ရုပ်များပါ အိုမင်းခြင်း၊ ဟောင်းနွမ်းခြင်းဖြစ်စဉ်နှင့် မကင်းနိုင်ကြပေ။ ကမ္ဘာပေါ်တွင်ရှိရှိသမျှ သင်္ခါရတရားတို့သည် ပရမတ်သဘောပင်ဖြစ်၏။ ထာဝရတည်မြဲခြင်းဟူသည်မရှိပါ။ ဖြစ်ပေါ်ခြင်းအစရှိသော တရားအားလုံးတို့သည် ပျက်ခြင်းဖြင့်အဆုံးရှိကြကုန်သည်။ အနိစ္စသဘောသည်သာ သစ္စာတရားဖြစ်ပေသည်။

"---သုံးပါးအရွယ်၊ အလယ်အဆုံး၊ ရှိမြဲသုံးဖြင့်၊ အဝှန်းစဉ်ဆီ၊ သန္တေချီကာ၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲထည့်၊ မစဲနေ့ည၊ တရွရွလျှင်၊ ခဏသန္တတိ၊ အဂ္ဂိဇရာ၊ နှစ်ဖြာလောင်းနည်း၊ ရှိန်ရှိန်ငြိမ်း၍၊ အကြီးအရွယ်၊ အရွယ်ခြားနား အစားစားလျှင် အသွားတွင်တွင်၊ မစဲနှင်၏" အစရှိသဖြင့် ဂမ္ဘီရကဗျာကျမ်း၌ ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ကြီးက သံဝေဂလင်္ကာနှင့်ဆုံးမခဲ့သည်။

ထိုသို့ ရွေ့လျားပြောင်းလဲနေသော စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်များတွင် အဆင့်ဆင့်ကူးပြောင်း အိုဟောင်းယိုယွင်း ရွေ့လျားနေသူအချိန်နှင့်အတူ ရုပ်နာမ်ခန္ဓာတို့သည်လည်း ရွေ့လျားနေကြသည်ကို သုံးသပ်၍ နှစ်ဆန်းချိန်ခါနှစ်သစ်ကို ကြိုဆိုကြခြင်းမှာ မင်္ဂလာအရှိဆုံးပင်ဖြစ်ပေတော့သည်။

**တစ်နှစ်တာကုန်ဆုံးခြင်းနှင့် ဘဝခရီး၏ မိုင်တိုင်၊ မှတ်တိုင်များတစ်တိုင်မှတစ်တိုင်သို့ ကူးပြောင်းရောက်ရှိလာခြင်းသာဖြစ်၍ ခန္ဓာကိုယ်၏ အသက်သည်လည်း တစ်နှစ်ထက်တစ်နှစ် ကူးပြောင်းဟောင်းနွမ်းယိုယွင်းလာခဲ့ကြရလေ၏**

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**ဟားခါး မေ ၁၆**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင် အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၆ ရက်က ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦးက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင် (RDSF)၏ ရည်ရွယ်ချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညိုက လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၊ RDSF ၏ မဟာဗျူဟာမြောက်မှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းအသီးသီး၏ အခန်းကဏ္ဍများစသည့် ခေါင်းစဉ်များကို သင်တန်းနည်းပြ ဒေါ်ခင်စောမူကလည်းကောင်း ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကင်းဆိပ်-ဒြိတ်တောင် ကွန်ကရစ်လမ်းသစ်ဖွင့်

**မင်းပြား မေ ၁၆**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် GHP ကုမ္ပဏီက ဆောင်ရွက်ခဲ့သည့် မင်းပြားမြို့နယ် ကင်းဆိပ်-ဒြိတ်တောင်ကွန်ကရစ်လမ်း (၀/၃ဒသမ ၁ မိုင်) အား ခွင့်ပြုငွေကျပ် ၄၆ ဒသမ ၆၁၅ သန်းဖြင့် ဆောင်ရွက်ပြီးစီးမှုကို အဆိုပါလမ်းသစ်ရှိ မင်္ဂလာမုခ်ဦး၌ ကျင်းပကြောင်း သိရသည်။

(၁၅၇)

ပြည်တွင်းသတင်း



# စိန်နှင့်ရွှေ ချောင်းကူးကွန်ကရစ်တံတားတည်ဆောက်ပြီးစီး

**တပ်ကုန်း ဧပြီ ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သပြေချောင်း ကျေးရွာအုပ်စုနှင့်ရွှေမြို့ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ပေးသည့် ဆင်သေ ချောင်းကူး စိန်နှင့်ရွှေတံတား တည်ဆောက်မှုမှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီး သွားပြီဖြစ်သဖြင့် ဧပြီ ၆ ရက်မှစ၍ သတ်မှတ်ထားသော ယာဉ်များဖြတ် သန်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားတည်ဆောက်ပြီးစီးပြီဖြစ်၍ ဧပြီ ၆ ရက် နံနက်က တပ်ကုန်းမြို့နယ် ဘုန်းတော်ကြီးသင်ကျောင်းများကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရွှေမြို့ကြီး ဂိုဏ်းထောက်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိသာရိယ (သဒ္ဓမ္မ ဇောတိကဓဇ) ဦးဆောင်သည့် ဆရာတော်သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပြီး ယင်းတံတားပေါ်မှ ထော်လာဂျီ၊ သုံးဘီး ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ယင်းစိန်နှင့်ရွှေတံတားကို ယခုနှစ်ဇန်နဝါရီလမှ ဧပြီလအထိ သုံးလကျော် ကြာအချိန်ယူ ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့-၃မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တံတား၏ အရှည်မှာ ပေ ၃၆၀၊ အကျယ် ၁၃ ပေရှိကြောင်း၊ တံတားအမျိုးအစားမှာ ကိုယ်ထည်သံကူကွန်ကရစ်နှင့် သစ်သားအခင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားတည်ဆောက်ပြီးစီးဖြစ်၍ ဆင်သေချောင်းအရှေ့ဘက် ကမ်းရှိ သပြေချောင်းကျေးရွာအုပ်စု၊ ချောင်းနောက်ဘက်ကမ်းရှိ ရွှေမြို့ကျေး ရွာအုပ်စုများအပါအဝင် အခြားကျေးရွာများမှ ဒေသခံပြည်သူများ နှစ်စဉ် ကြုံတွေ့နေရသည့် ရေဘေးအန္တရာယ်မှ ကင်းဝေးပြီး အနီးဝန်းကျင်မြို့များသို့ ရာသီမရွေးဖြတ်သန်း သွားလာနိုင်ပြီဖြစ်သည်။

**မောင်လွင်(တပ်ကုန်း)**

## ဆိုင်ကယ်အရှိန်မထိန်းနိုင်၍ ၁၂ ဘီးယာဉ်ကို ဝင်ရောက်တိုက်မိ

**ဘားအံ ဧပြီ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဝါးပိုးတောကျေးရွာအနီး ဘားအံ-သထုံ ကားလမ်းပေါ်တွင် ဆိုင်ကယ်တစ်စီးမှ အရှိန်မထိန်းနိုင်ဘဲ ဆန့်ကျင်ဘက် ယာဉ်ကြောမှ မောင်းနှင်လာသော ၁၂ ဘီးယာဉ်ကို ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ဝင်ရောက်တိုက်မိကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ မြိုင်ကလေးရဲကင်းစခန်းမှ တာဝန်ရှိသူများ သွားရောက် စစ်ဆေးခဲ့ရာ သထုံဘက်မှ ဘားအံဘက်သို့ ရွှေဂွန်း (၂၁ နှစ်)မောင်းနှင်ပြီး၊ စောဂယ် (၁၆ နှစ်)လိုက်ပါစီးနင်းလာသော နံပါတ်မပါ Wave 100 အမည်း ရောင် ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ)သည် ဝါးပိုးတောကျေးရွာအနီး မိုင်တိုင် အမှတ် (၁၃/၀)နှင့် (၁၃/၁)အကြား လမ်းကွေ့အရောက်တွင် အရှိန်မထိန်း နိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ ယာဉ်ကြောအတိုင်း ဘားအံ ဘက်မှ သထုံဘက်သို့ ယာဉ်မောင်းလှမင်း (၃၀နှစ်) မောင်းနှင်လာသည့် ၁၂ ဘီး ခေါင်းစိမ်းရောင် ဘိလပ်မြေတင်ဆောင်လာသည့်ယာဉ်ကို မျက်နှာ ချင်း ဆုံတွေ့ပြီး ရှောင်တိမ်းရာ ယာဉ်၏ ဝဲဘက်ခြမ်းနောက်ဘီးကို ဝင်ရောက် တိုက်မိသဖြင့် ဆိုင်ကယ်ရှေ့ပိုင်း ပျက်စီးသွားကာ လမ်းဘေးချုံထဲထိုးကျ သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ယာဉ်မောင်း ရွှေဂွန်းနှင့် နောက်မှ လိုက် ပါစီးနင်းသူ စောဂယ်တို့တွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ဘားအံပြည်သူ့ ဆေးရုံကြီးသို့ တင်ပို့ပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ရွှေဂွန်းကို ဘားအံမြို့မရဲစခန်းက အရေးယူဆောင် ရွက်ထား ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

**နိုင်ငံဘက်စုံ တည်ဆောက်စို့ မှန်မှန်ကန်ကန်အခွန်ပေးစို့**



## မျက်ရဲကျေးရွာ ဆိုလာလျှပ်စစ်မီးလင်းပြီ

**တပ်ကုန်း ဧပြီ ၁၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မျက်ရဲကျေးရွာတွင် ရွာလုံးကျွတ် ဆိုလာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဧပြီ ၈ ရက် ညနေ ၆ နာရီက မျက်ရဲကျေးရွာ ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း၌ ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစနေထွန်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံး ဘဏ္ဍာရေးမှူး ဦးမင်းနိုင်၊ ကျေးရွာရပ်မိရပ်ဖ ဦးလှမောင်တို့ တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

မျက်ရဲကျေးရွာသည် တပ်ကုန်းမြို့နှင့် ၁၈ မိုင်ကွာဝေး၍ အိမ်ခြေနည်းပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် လျှပ်စစ်မီးရရှိရန်မလွယ်ကူ သော်လည်း ယခုအခါ နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေး နှစ် ခွင့်ပြုငွေဖြင့် ငွေကျပ်သန်းပေါင်း (၁၇ ဒသမ ၀၀၀) အကုန်အကျခံ၍ ကျေးရွာအတွင်းရှိ အိမ်ပေါင်း ၈၅ အိမ်ကို ဆိုလာပြား၊ ဘက်ထရီအိုး၊ အင်ဗာတာ၊ မီးသီး၊ မီးကြိုး၊ မီးချောင်းများအား Jasmins Family ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက် တပ်ဆင်ပေးခဲ့သည်။ **(၄၁၇)**

## ဓမ္မပိဋကမာန်ကျောင်းဆောင်သစ်နှင့် ဇီဝိတအခမဲ့ ဆေးခန်းဖွင့်လှစ်

**ပုသိမ် ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ် (၂) နယ်မြေ လေးမျက်နှာကုန်း မဟာစည်သာသနာ့ရိပ်သာပဓာန နိုင်ငံတော်ဗဟိုသံဃ ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ ဂန္ထဝါစက၊ ဝိနယပါဠိပါရဂူ ကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တပညိန္ဒာဘိဝံသအရှင်မြတ်၏ သက်တော် ၇၅ နှစ် စိန်ရတု ဝိဇာတမင်္ဂလာအထိမ်းအမှတ် ဓမ္မပိဋကမာန် ကျောင်းဆောင် သစ်နှင့် ဇီဝိတမေတ္တာ အခမဲ့ဆေးခန်းဖွင့်လှစ်ပွဲကို မတ် နောက်ဆုံးပတ်က ကျင်းပရာ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအရှင်မြတ်နှင့် မြန်အောင် မြို့နယ် မဲဆန္ဒ (၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေ၊ မဲဆန္ဒ (၂) လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်နိုင်ငံတော်ဝိနည်း ဓိုရ်ဆရာတော် ဘဒ္ဒန္တပညိန္ဒာ ဘိဝံသ အရှင်မြတ်၏ သက်တော် ၇၅ နှစ် ဝိဇာတပူဇော်ပွဲကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက် ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

**ပုသိမ်လှကြည်**

## မြန်မာအားကစားအဖွဲ့ဝင်များအား ပြည်ပတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်

**နေပြည်တော် ဧပြီ ၁၆**

အားကစားဝန်ကြီးဌာန အနေဖြင့် ပြည်ပပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ရန်နှင့် ပူးတွဲလေ့ကျင့်မှု ပြုလုပ်မည့် မြန်မာအားကစားအဖွဲ့ များအား တွေ့ဆုံသည့် အခမ်းအနား ကို ဧပြီ ၁၀ ရက်က နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အား ကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြော ကြားသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန် ရှိသူများ တက်ရောက်ကြပြီး ပြည်ပ သို့ သွားရောက်ယှဉ်ပြိုင်ရန်နှင့် ပူးတွဲ လေ့ကျင့်မှုများ ပြုလုပ်မည့် မြန်မာ အားကစားအဖွဲ့များမှ တာဝန်ရှိ သူများက ကြိုတင်ပြင်ဆင်ဆောင် ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအား ကစားအဖွဲ့များ အောင်မြင်မှု ရရှိ စေရန်ရည်ရွယ်၍ စေလွှတ်ရခြင်း ဖြစ်ပြီး အားကစားသမားများအနေဖြင့် မိမိပြိုင်ဘက်အသင်းများ၏ အားနည်း ချက်၊ အားသာချက်များကို ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြင့်လည်း ကောင်း၊ ပူးတွဲလေ့ကျင့်ခြင်းဖြင့် လည်းကောင်း သိရှိကြပြီး အတွေ့ အကြုံကောင်းများ ရယူခဲ့စေလို ကြောင်း၊ တာဝန်ခံနည်းပြများအနေ ဖြင့် မိမိအားကစားအဖွဲ့များအား စနစ်တကျ ကြီးကြပ်ကွပ်ကဲအုပ်ချုပ် ကြရန် မှာကြားသည်။

ပြည်ပသို့ သွားရောက်ယှဉ်ပြိုင် လေ့ကျင့်ကြမည့် အားကစားအဖွဲ့ များမှာ ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အပြည်ပြည် ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ ထိပ်သီးအသင်းများ ပြိုင်ပွဲတွင်ဝင် ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့ဝင် ခုနစ်ဦး၊ ထိုင်း နိုင်ငံတွင် ချစ်ကြည်ရေးလက်ရည် စမ်းဘိလိယက်ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည့် ဘိလိယက်နှင့် စနူကာ အားကစားအဖွဲ့ဝင် ခြောက်ဦး၊ ထိုင်း နိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ် ရန်သွားရောက်မည့် ဖူဆယ် အား ကစားအဖွဲ့ဝင် ၂၀ တို့ တက်ရောက် ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေသတ္တုများတူးဖော်သည့် ဆက်စပ်ပစ္စည်းများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ကသာ ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဒယူးကျေးရွာ အုပ်စု တောင်လည်ကျေးရွာအနီးတွင် တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေကြောင်း သတင်းအရ ဧပြီ ၉ ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၅၀က ဗန်းမောက်မြို့နယ် သတ္တုတွင်းစီမံကိန်းရုံးမှ ဝန်ထမ်းများ၊ ဗန်းမောက်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာအဆိုပါ နေရာ များမှ တရုတ်နိုင်ငံလုပ် ၂၅ ကောင်မှုံစုပ်စက် အင်ဂျင်ရှစ်လုံး၊ တရုတ်နိုင်ငံ လုပ် ၂၅ ကောင် ပို့စက်အင်ဂျင်ရှစ်လုံး၊ ချိန်းဘလောက်ခုနစ်ခု ပိုက်ပျော့ ၁၀ ခွေ၊ ဖိုက်ဘာပိုက်ပြားခုနစ်လုံး၊ လည်ချောင်း ပိုက်ရှစ်လုံး၊ ပီပါ နှစ်လုံးတို့အား ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# အင်းတော်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကသာ ဧပြီ ၁၆**

စစ်ကိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရဲစခန်းအနောက် တောင်ဘက် သုံးမိုင်ခန့်အကွာ ပုန်းဟုန်ကျေးရွာအနီး နန်းဒရန်တံတားတွင် မတ် ၈ ရက်က ဘိန်းဖြူသိန်း ၁၇၀ ကျော်ဖိုး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၈ ရက် နံနက် ၉ နာရီခွဲက အင်းတော်မြို့နယ် မော်လူး နယ်မြေရဲစခန်းနှင့် ကသာခရိုင် မူခင်းနှိမ်နင်းရေးအဖွဲ့တို့ သည် မူးယစ်ဆေးဝါး သတင်းအရ အင်းတော်မြို့နယ် ပုန်းဟုန်ကျေးရွာထိပ် နန်းဒရန်တံတားတွင် စောင့်ဆိုင်းနေစဉ် KENBO-125 အစိမ်းရောင်ဆိုင်ကယ်တစ်စီးမောင်းနှင် လာသည်ကို မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးခဲ့ကြသည်။

ဆိုင်ကယ်စီးနင်းလာသူမှာ အင်းတော်မြို့နယ် စဥ့်ခိုးကျေးရွာနေ ခင်မောင် (၆၂နှစ်) ဖြစ်ပြီး ၎င်းစီးနင်းလာသော ဆိုင်ကယ်ရှေ့ ပလတ်စတစ်ခြင်းအတွင်းမှ ဖြူနီရောင် ပန်းပွင့်ပုံပါစောင်တစ်ထည်နှင့် အမည်းရောင်ကြွပ်ကြွပ်အိတ်အတွင်း ထည့် လျက် Love is flower တံဆိပ်ပါ အပြာရောင်ဆပ်ပြာခွက်အတွင်း ပလတ်စတစ်အကြည်ရောင်ဖြင့်ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန် ၁၄ ဂရမ်ပါ အနီရောင်ဆပ်ပြာခွက်အတွင်း ပလတ်စတစ်အကြည် ရောင်ဖြင့်ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန် ၁၃ ဂရမ်ပါ နှစ်ခွက်၊ ပန်းရောင်ဆပ်ပြာခွက်အတွင်း ပလတ်စတစ်အကြည်ရောင် ဖြင့်ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန် ၁၄ ဂရမ်ပါနှစ်ခွက်၊ အစိမ်းရောင်ဆပ်ပြာခွက်အတွင်း ပလတ်စတစ်အကြည်ရောင်ဖြင့် ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန် ၁၄ ဂရမ်ပါ နှစ်ခွက်၊ ဘိန်းဖြူမှုန့် အလေးချိန် ၁၁ ဂရမ်ပါ Natural Bee Poller တံဆိပ်ပါ ပလတ်စတစ်ဘူး တစ်ဘူး၊ ဘိန်းဖြူမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်ပါ ပင်နီဆီလင်ပုလင်းတစ်လုံး စုစုပေါင်း ဘိန်းဖြူအလေးချိန် ၁၀၇ ဒသမ ၃ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၁၀၇၃၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အရေးယူပေးရန် ဒုရဲအုပ် ဝေမိုးက တိုင်တန်းခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ ခင်မောင်၏ အစစ်ခံထွက်ဆိုချက်အရ အခင်းဖြစ်နေ့ နံနက်ပိုင်းက အင်းတော်မြို့နယ်ညောင်ပင်သာကျေးရွာနေ ရန်အောင်(ခ) ကျော်ထွန်းထံမှ ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက်လျှင် ငွေကျပ် ၄၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ ခင်မောင်နှင့် ရန်အောင်(ခ) ကျော်ထွန်း (၂၈ နှစ်) ညောင်ပင်သာကျေးရွာ အင်းတော်မြို့နယ်နေသူတို့ နှစ်ဦးကို မော်လူးနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ဦးရဲ(ကသာ)**

## ကြက်မွေးမြူရေးလုပ်ငန်းကြောင့် ဝင်ငွေတိုးတက်ရရှိနေ

**နောင်ချို ဧပြီ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကုန်းကြီးအုပ်စု ရေဝင်ကျေးရွာ၌ ရိုးရာလုပ်ငန်းဖြစ်သော တောင်ယာလုပ်ငန်းအပြင် ဥစားကြက်မွေးမြူရေးလုပ်ငန်းကိုပါ စတင်တိုးချဲ့လုပ်ကိုင်နေကြပြီး ဒေသခံပြည်သူများ ဝင်ငွေတိုးတက်ရရှိနေကြောင်း သိရသည်။

ရေဝင်ကြေးရွာရှိ ရဲကျော်သူကြက်ခြံပိုင်ရှင်က “ဥစားကြက်တွေကို ပိုက်ရေသောက်စနစ်နဲ့ မွေးမြူထားပါတယ်။ အကောင်ရေနှစ်သိန်းခန့်ရှိပါတယ်။ ဥစားကြက်တစ်ကောင်ဥဖို့ဆိုရင် တော်တော်ဂရုစိုက်မွေးမြူရပါတယ်။ ဥစားကြက်တွေကို တစ်ရက်သားမှ လေးလသားဆိုရင်ကြက်ပေါက်၊ လေးလသားမှ ၂၂ ပတ်သားအထိ ဥစမ်းမဒါန်းလို့ခေါ်ပါတယ်။ ရောင်းတမ်းဝင်ဥရရှိတဲ့အထိ ဥစားကြက်တစ်ကောင်တန်ဖိုးက ကျပ်တစ်သောင်းလောက်ရှိပါတယ်။ ၂၆ ပတ်သားဆိုရင် ရောင်းတမ်းဝင်ဥရရှိပါတယ်။ ဥအထွက်နှုန်းကတော့ ရာသီဥတုအလိုက် အတက်အကျ ရှိပါတယ်”ဟု ပြောသည်။

စီးပွားဖြစ်ကြက်မွေးမြူရေးလုပ်ငန်းလုပ်သူများ အဆင်ပြေသလို တစ်ပိုင်တစ်နိုင်မွေးမြူသူများလည်းရှိကာ ဥစားကြက်မွေးမြူရေးလုပ်ငန်းကြောင့် ဒေသခံများ ဝင်ငွေတိုးတက်လျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ကျောက်မဲမြို့နယ် ကုန်းကြီးကျေးရွာအုပ်စုမှ ဒေသခံများသည် တောင်ယာစိုက်ပျိုးမှုကို အဓိကထားလုပ်ကိုင်ကြပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းအဖြစ် ဥစားကြက်မွေးမြူရေးကို လုပ်ကိုင်လာကြခြင်းဖြစ်သည်။ ထို့အပြင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရန်အတွက်လည်း နိုင်ငံတော်က တရားဝင်နှစ် ၃၀ ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ငန်းရှင်များထံ သတ်မှတ်မြေနေရာများ ချပေးခဲ့ပြီးနောက် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာပြီး အဆင်ပြေလာကြကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ငါးသိုင်းချောင်း၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ငါးသိုင်းချောင်း ဧပြီ ၁၆**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးလုပ်ငန်းများကို နယ်မြေရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ဧပြီလဆန်းမှစ၍ ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့နယ်မြေရဲစခန်းမှ ရဲအုပ်ကျော်စိန်လှိုင် ဦးဆောင်၍ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူများက နယ်မြေဒေသအတွင်း ယာဉ်အန္တရာယ်လျော့ပါးရေးအတွက် မြို့အဝင်တွင် စောင့်ဆိုင်း၍ မော်တော်ဆိုင်ကယ်များ မောင်းနှင်ရာတွင် ဆိုက်ကယ်စီးဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုရန်၊ ထော်လာဂျီယာဉ်များ အချက်ပြမီးအစုံတပ်ဆင်ရန်၊ ရောင်ပြန်စတစ်ကာများ တပ်ဆင်ရန်၊ သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ရန်တို့ကို ပညာပေးဆောင်ရွက်နေကြောင်း သိရဖြစ်သည်။

**စိုးမင်းဦး(iprd)**



## ဈေးအရနည်းသော်လည်း ဆီးသီးခြောက်ရောင်းချခြင်းဖြင့် ကျေးလက်ဒေသနေသူများ အပိုဝင်ငွေရရှိ

**ရေတာရှည် ဧပြီ ၁၆**

ရေတာရှည်မြို့နယ်အတွင်း သစ်တောကြိုးဝိုင်းဒေသနှင့် ကျေးလက်တောရွာများတွင် အလေ့ကျပေါက်သည့် ဆီးပင်များမှ ကောက်ယူရရှိသော ဆီးသီးခြောက်များကို နေပြည်တော်၊ လယ်ဝေး၊ တပ်ကုန်း မြို့များသို့တင်ပို့ရောင်းချခြင်းဖြင့် ဒေသခံပြည်သူအချို့ ဝင်ငွေပိုမိုရရှိနေကြောင်း သိရသည်။

ဒေသခံများအနေဖြင့် အလေ့ကျပေါက်သော ဆီးသီးများကို ကောက်ယူပြီး အဝယ်ဒိုင်များသို့ ရောင်းချကြခြင်းဖြစ်သည်။ “ဆီးသီးခြောက်က တောမှာတော့ ဘယ်သူမှမသုံးကြပါဘူး။ အလကားဖြစ်မယ့်အတူတူ ကောက်ပြီးရောင်းတော့ သူတို့လည်းအပိုဝင်ငွေရတာပေါ့”ဟု သစ်တောကြိုးဝိုင်းဒေသ သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းအနီးမှ ဆီးသီးခြောက်များ တစ်ဆင့်ပြန်လည်ဝယ်ယူသူတစ်ဦးက ပြောသည်။ ဆီးသီးခြောက်တစ်တင်းလျှင် ဈေးနှုန်းကျပ် ၁၀၀၀ သာရရှိသော်လည်း အသီးခြောက်ပေါလျှင် နေ့စဉ်သုံးတင်းခန့်ရရှိနိုင်ကြောင်း သိရသည်။ အဆိုပါဆီးသီးခြောက်များကို အမှုန့်ကြိတ်၍လည်းကောင်း၊ အသီးကို ယိုထိုးကာ ဆီးယိုအဖြစ်လည်းကောင်း ဈေးကွက်သို့ ဖြန့်ချိရောင်းချကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**




# (၁၅)ကြိမ်မြောက် ကယန်းအမျိုးသားနေ့ကျင်းပ

**တောင်ကြီး ဧပြီ ၁၆**

(၁၅)ကြိမ်မြောက် ကယန်းအမျိုးသားနေ့ကို ဧပြီ ၁၀ ရက်နံနက် ၉ နာရီက ပင်လောင်းမြို့နယ် လုံးပျဉ်ကျေးရွာအုပ်စု မြောက်စလုံးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားရာ ကယန်းအမျိုးသားနေ့ အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်း၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးသည် ရှမ်းပြည်နယ်ကြီးအား အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်စေရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်းဟူသော ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ နိုင်ငံသားအားလုံးလိုက်နာစောင့်ထိန်းရမည့် အမျိုးသားရေးတာဝန်ကို အတူလက်တွဲဖော်ဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ သဝဏ်လွှာအား ကယန်းတိုင်းရင်းသားရေးရာဝန်ကြီးဦးလောရင်းက ဖတ်ကြားပြီး သဘာပတိဦးတိုးပေါနှင့် ကယန်းစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးသန်းစိုးနိုင်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က ကယန်းစာပေနှင့် ယဉ်ကျေးမှုအတွက်အလှူငွေကျပ်သိန်း ၃၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်းက နေပြည်တော်ကောင်စီရှိ ကရင်၊ ကယား၊ ကယန်းစာပေယဉ်ကျေးမှုအဖွဲ့များကို အလှူငွေကျပ် ၁၀ သိန်းစီ၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက ဖယ်ခုံမြို့ရှိ ကယန်းစာပေယဉ်ကျေးမှုအဖွဲ့၊ ပင်လောင်းမြို့နယ်ရှိ ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့တို့ကို အလှူငွေကျပ် ၁၀ သိန်းစီပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကျောင်းဆောင်သစ်နှင့် အားကစားခန်းမ တည်ဆောက်ပြီး၍ ကျောင်းသား ကျောင်းသူများ ပိုမိုအဆင်ပြေ

**မုံရွာ ဧပြီ ၁၆**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ အခြေခံပညာအထက်ကျောင်းတွင် ဖေယျာသီရိအမှတ်(၂) ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် လာမည့်ပညာသင်နှစ်တွင် တက်ရောက်သင်ကြားမည့် ကျောင်းသားကျောင်းသူများအတွက် ပိုမိုအဆင်ပြေစွာ ပညာသင်ယူနိုင်တော့မည်ဖြစ်သည်။

ဖေယျာသီရိအမှတ်(၂) ကျောင်းဆောင်သစ်သည် အလျား ပေ ၉၀၊ အနံ ပေ ၃၀နှင့် အမြင့် ၂၃ ပေရှိ နှစ်ထပ်သံမဏိကိုယ်ထည်၊ အုတ်နံကပ်ဖြစ်ပြီး ကျပ်သိန်း ၁၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။ အလားတူ “စာရာမေရီအားကစားခန်းမကို အလျား ပေ ၁၂၀၊ အနံ ပေ ၆၀၊ အမြင့် ၁၆ ပေရှိ သံမဏိ၊ သံပေါင် အုတ်နံကပ်၊ အင်္ဂတေခင်းဖြစ်ပြီး ငွေကျပ်သိန်း ၁၅၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်ဖွင့်ပွဲကို ဧပြီ ၈ ရက်က ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဌ ဦးရှုစံကြူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝါလို၊ နာဂယဉ်ကျေးမှုအဖွဲ့ဝင် ဦးမောင်ညာဏ်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။ လဟယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ အဆိုပါကျောင်းဆောင်သစ်အပြင် စာရာမေရီအားကစားခန်းမကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## သတင်းတို

### မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြော

ကလေးမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ကလေးမြို့နယ် ဒိုးနွယ်စံပြကျေးရွာ၌ ဧပြီ ၈ ရက်ကကျင်းပခဲ့ရာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဇော်ထွန်းနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်တတ်သော ရာဇဝတ်မှုနှင့် ပြစ်မှုများအကြောင်းကို ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။

**ဂျူနိုင်း**

## အရေးပေါ် တိုင်းရင်းဆေးသေတ္တာ သုံးစွဲနည်းသင်တန်းဖွင့်

**သံတွဲ ဧပြီ ၁၆**

အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်ပွဲနှင့် သုံးစွဲနည်းသင်တန်းဖွင့်ပွဲကို ဧပြီ ၉ ရက် မွန်းတည့် ၁၂ နာရီက တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်က အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်တိုင်းရင်းဆေးမှူး ဦးကျော်မြင့်ဦးက တိုင်းရင်းဆေးသေတ္တာပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်ကုတ်မြို့နယ် တိုင်းရင်းဆေးမှူး ဦးအောင်ညိုက ကျေးရွာပေါင်း ၁၅၇ ရွာအတွက် ဆေးသေတ္တာများကိုပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံယူကြသည်။ ထို့နောက် ဆေးသေတ္တာသုံးစွဲနည်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅၇ ဦး တက်ရောက်ကြပြီး ခရိုင် တိုင်းရင်းဆေးမှူး ဦးကျော်မြင့်ဦးနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဦးအောင်ညိုတို့က ဆေးသေတ္တာသုံးစွဲနည်းနှင့် အရေးပေါ်သုံးစွဲနည်းဆိုင်ရာတို့ကို သင်ကြားပို့ချခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

# နှစ်ပေါင်း ၁၀၀ ကျော်ရှိ ကန်ဦးရေကန်ကြီး ပြန်လည်တူးဖော်မှုပြီးစီး

**နေပြည်တော် ဧပြီ ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စုရှိ ဘက်စုံသုံး ကန်ဦးရေကန်ကြီး ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ယခုအခါ အောင်မြင်စွာပြီးစီးပြီဖြစ်သဖြင့် ဒေသခံပြည်သူများ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်သည်။

ကန်ဦးရေကန်ကြီး ပြန်လည်တူးဖော်ပြီးစီးမှု အောင်မြင်ခြင်းအခမ်းအနားကို မတ် ၉ ရက် နံနက်က အဆိုပါ ကန်အနီး၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး တက်ရောက်အားပေးခဲ့သည်။ ယင်းကန်ဦးရေကန်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ခန့်က အနီးရှိ ကျေးရွာများ မှီခိုအားထားရသည့် ရေကန်ကြီးတစ်ကန်ဖြစ်ခဲ့ကြောင်း၊ ရေကန်ကြီးတိမ်ကောပျက်စီးသွားသည်မှာ နှစ် ၂၀ ကျော်ရှိပြီဖြစ်သောကြောင့် ကန်ထဲတွင် ရေများသိုလှောင်ထားနိုင်ခြင်းမရှိတော့ သဖြင့် ဒေသခံပြည်သူများ ရေရှားပါးမှုအခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအခါ နေပြည်တော်ကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် စက်ယန္တရားများနှင့် ပြန်လည်တူးဖော်ခြင်း၊ ပြုပြင်ခြင်းများကို ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြည်သူပေါင်း ၁၂၀၀၀ ခန့်ကို အကျိုးပြုမည့် ရေဂါလန် ၂ ဒသမ ၅ သန်း သိုလှောင်ထားရှိနိုင်မည့် ရေကန်ကြီးအဖြစ် အောင်မြင်စွာ ပြန်လည်တူးဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



ကန်ဦးရေကန် တူးဖော်ပြီးစီးမှုကြောင့် ကျည်တောင်ကန်ကျေးရွာအုပ်စုရှိ ရတနာဒီပရပ်ကွက်၊ သုခဒီပရပ်ကွက်၊ ကျည်တောင်ကန် အမှတ်(၁၊၂၊ ၃၊ ၄၊၅၊ ၆) ရပ်ကွက်ရှိ ဒေသခံပြည်သူများ၏ သောက်ရေ၊ သုံးရေနှင့် မွေးမြူရေးအတွက် ရေလိုအပ်ချက်များ၊ မြို့နယ်အတွင်းရှိ မီးသတ်ရေလိုအပ်ချက်များ စသည်တို့ကို လုံလောက်စွာအသုံးပြုနိုင်မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများ ဝမ်းသာပီတိများ ဖြစ်လျက်ရှိကြောင်း သိရသည်။ **မောင်မွေး**

## ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံ

**ကလေး ဧပြီ ၁၆**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ကလေးမြို့ရှိ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲကို ဧပြီ ၉ ရက်က ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးဂင်ခန့်ပေါင်က အမှာစကားပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်စိုး(ခရိုင်ဥပဒေအရာရှိ) က နိုင်ငံရေးပါတီများ သိသင့်သိထိုက်သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ ရွေးကောက်ပွဲကာလတွင် နိုင်ငံရေးပါတီများ အနေဖြင့် လိုက်နာရမည့် စည်းကမ်းချက်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သည့် နိုင်ငံရေးပါတီများက သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး မေးမြန်းချက်များကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဂင်ခန့်ပေါင်နှင့် အဖွဲ့ဝင် ဦးမြင့်စိုးတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

## ဂွမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်

**သံတွဲ ဧပြီ ၁၆**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကင်းပုံကျေးရွာအုပ်စု ကင်းပုံကျေးရွာအမကကျောင်း၌ ဧပြီ ၉ ရက် နံနက် ၁၀ နာရီက မိုးပွင့်အထူးစီမံချက်ဖြင့် အသက် ၁၀ ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကျင်းပရာ ဂွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် မြို့နယ်လဝကဦးစီးမှူး ဦးထွန်းငြိမ်းတို့က ပေးအပ်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရခြင်းမရှိသေးသူ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ကျေးရွာစက်ရေတွင်းပျက်စီးမှုကြောင့် ရေပြတ်လပ်မှုမရှိစေရန် ရေသယ်ယာဉ်များဖြင့် နေ့စဉ်ဖြန့်ဝေပေးလျက်ရှိ

**မကွေး ဧပြီ ၁၆**

မကွေးမြို့နယ် ပေပင်စမ်းကျေးရွာအုပ်စု တည်ပင်ကန်ကျေးရွာ၌ ကျေးရွာတစ်ရွာလုံး သောက်သုံးရေရရှိရေးအတွက် အဓိကထားအသုံးပြုနေသော စက်ရေတွင်းပျက်စီးသွားမှုကြောင့် ကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က ရေကားများဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

တည်ပင်ကန်ကျေးရွာသည် အိမ်ခြေ ၂၅၀၊ လူဦးရေ ၈၀၀ ကျော်ရှိပြီး သောက်သုံးရေအတွက် အဆိုပါ စက်ရေတွင်းကိုသာ အားထားအသုံးပြုနေရသဖြင့် ဧပြီ ၇ ရက်က စက်ရေတွင်းပျက်စီးသွားခဲ့ခြင်းဖြစ်သည်။ စက်ရေတွင်းပြုပြင်နေချိန်အတွင်း ရေပြတ်လပ်မှုမဖြစ်ပေါ်စေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးတို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်သုံးဆီ အကုန်အကျခံပြီး မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေဂါလန် ၈၀၀ ဆံ့ရေသယ်ယာဉ်ဖြင့် တစ်ရက်လျှင် ငါးခေါက်ရေ ပေးဝေခဲ့ခြင်းဖြစ်သည်။

“စက်ရေတွင်းက ၁၉၈၀ ခုနှစ်က တူးဖော်ပေးထားတာပါ။ နှစ်ကြာလာတဲ့အပြင် အခုလို နွေရာသီမှာ ရေ သုံးစွဲမှုများတော့ အတွင်းက ရေပန့်ပျက်သွားတာပါ”ဟု ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။ စက်ရေတွင်း မိုနိုပန့် ပျက်စီးမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် BAJ အဖွဲ့တို့ ပူးပေါင်း၍ ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ**

## မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**စလင်း ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ရေစမ်းကုန်းကျေးရွာအနောက်ဘက် စလင်းကြိုးဝိုင်းအတွင်း ဧပြီ ၉ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် မီးဘေးသင့်ခဲ့ရသဖြင့် အိမ်ထောင်စု ၁၄ စုအား မြို့နယ်အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် တာဝန်ရှိသူများက ထောက်ပံ့ငွေ၊ ဆန်နှင့် ဆီများကို ဧပြီ ၁၀ ရက်က ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဧပြီ ၉ ရက် ညနေပိုင်းက တောမီးလောင်ကျွမ်းခဲ့ရာမှ ကြိုးဝိုင်းအတွင်းတောင်ကုန်းပေါ်တွင် ကျူးကျော်ဆောက်လုပ်နေထိုင်ကြသော လူနေတဲ ၁၄ လုံးကို မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုကို စလင်းမြို့နယ် လင်းဇင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းဦး၊ သရက်တောရဲကင်းစခန်းမှူး ဒုရဲအုပ်တင်ဦးလှိုင်တို့ပါဝင်သော ရဲတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ရွာသူ ရွာသားများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းခဲ့မှုကြောင့် အိမ်ထောင်စု ၁၄ စုမှ လူဦးရေ ၇၂ ဦး အိုးအိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် စလင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှုကာ မြို့နယ်အုပ်ချုပ်ရေးမှူး၏စီစဉ်ကြီးကြပ်မှုဖြင့် အိမ်ထောင်စုတစ်စုလျှင် ဆန် ၁၄ ပြည်၊ ထောက်ပံ့ငွေကျပ် ၆၀၀၀၊ စားသုံးဆီ ၁၅ ကျပ်သားကို ထောက်ပံ့ပေးအပ်ခဲ့ကာ ထိုမီးဘေးသင့်အိမ်ထောင်စုများမှ မီးဘေးသင့်ပြည်သူ ၇၂ ဦးတို့ အတွက် ထမင်းထုပ်များကို အနီးတစ်ဝိုက်ကျေးရွာများမှ ဝေငှပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

## စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းများ ပြီးစီး

**မင်းကင်း ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တောင်တွင်းချောင်ဒေသရှိ အင်းကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီက ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးပြီဖြစ်ကြောင်း သိရသည်။ စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းကို ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်း၏ ရန်ပုံငွေ ကျပ်သိန်း ၃၀ နှင့် ပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၁၀ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းများပြီးစီးသဖြင့် အင်းကျေးရွာရှိ အိမ်ထောင်စု ၁၀၀ ခန့်မှ လူဦးရေ ၅၀၀ နီးပါးအတွက် သောက်သုံးရေ လုံလောက်စွာ ရရှိပြီဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား (ပြန်/ဆက်)**



**မြင်းခြံမြို့နယ်တွင် ဧပြီ ၂ ရက်က လေပြင်းတိုက်ခတ်မှုခံခဲ့ရသည့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းပုံးများကို ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်သင်းအောင်နှင့်တာဝန်ရှိသူများက ပေးအပ်စဉ်။**(လေပြင်းတိုက်ခတ်မှုကြောင့် ဒါးကျွန်းကျေးရွာ၊ တန်ဆောင်းကျေးရွာနှင့် အောင်ပြည်စိုးကျေးရွာများမှ နေအိမ် ၂၀ ပြိုကျခဲ့ပြီး ၂၆ လုံး အမိုးများပျက်စီးခဲ့ကြောင်း သိရသည်။)
**ဇော်မင်းနိုင်(မြင်းခြံ)**

ကြော်ငြာ

MPT
ရွှေသို့လှမ်းချီမြန်မာပြည်

အတာရေပက်ကာမြူး MPT နဲ့ နှစ်သစ်ကူး



# ကြော်ငြာ

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဧပြီလ၊ ၂၅-၂၆၊ (၄၆)ကြိမ်မြောက် မျက်စိခွဲစိတ်နှစ်သစ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မတ်လ (၁၅)ရက် (၄၅)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၅၀၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဧပြီလ (၂၅၊ ၂၆)ရက်တွင် ၄၆-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေကျပ် ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း ကျေးဇူးဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း။** (ကျိုက္ကသံစေတီပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၅၁၄၅၉၁၊ ၀၉-၇၃၀၅၆၅၆၉
ရွှေလုံတိုက်ကမ္ဘောဇဘဏ် (AccountNo.00730200701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## "နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ"

မြန်မာ့နှစ်သစ်ကူး အခါသမယတွင် မြန်မာပြည်သူပြည်သားများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး စီးပွားလာဘ်လာဘများ တိုးတက်၍ လိုရာဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

"စိန်ပင်လယ် စိန်ရွှေရတနာဆိုင် မိသားစု"

**နှစ်သစ်ကူးအထူးလျှော့ဈေး 5% မှ 20% အထိ (20-4-2015) မှ (20-5-2015) ထိ**
**(1) Junction Square Centre မြေညီထပ်**

### မိဘအမည်မှန်

အေးသာယာ၊ အထက (၂)၊ န၀မ တန်း(ခ)မှ မအင်ကြင်းဖွေး၏ မိဘအမည်မှန်မှာ ဦးထွန်းရင်-ဒေါ်အုံး ဖြစ်ပါကြောင်း။ **ဦးထွန်းရင်-ဒေါ်အုံး**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းဇော်ထွေး ၉/ကပထ (နိုင်)၂၁၅၀၆၉၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၂၉၉၄၈၁၉**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၇၇၉၀၃ Zhineng-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဇော် ၈/စလန(နိုင်)၁၁၇၃၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး (မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး၊ (မကွေး)**

## Lucky Concrete Precast Products Manufacturing Co., Ltd.

### အတာသင်္ကြန် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

Lucky Concrete Precast Products Manufacturing Co., Ltd. ကို အစဉ်အမြဲ အားပေးလျက်ရှိသော GEO-TECH PILE ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ၊ မိတ်ဟောင်းမိတ်သစ်များ၊ Piling လုပ်ငန်းရှင်ကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများနှင့် မိသားစုဝင်များအားလုံး မြန်မာ့ရိုးရာ အတာသင်္ကြန် နှစ်သစ်ကူးကာလမှ အစပြု၍ ရေလိုအေးပြီး ပန်းလိုမွှေးပါစေ၊ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေ၊ အခက်အခဲဟူသမျှကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး တိုးတက်အောင်မြင် ပျော်ရွှင်ကြပါစေကြောင်း Lucky Concrete မိသားစု မှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

No (217/222), U Tun Nyo Street, Industry Zone (1), Dagon Seikkan Township, Yangon.
Ph : 09 973659311, 09 973659312, Fax - 593725, Email -luckyconcrete@gmail.com.

BOD အဖွဲ့ဝင်များ
Lucky Concrete Precast Products Manufacturing Co., Ltd .

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်မူကြမ်း (National Ceasefire Agreement-NCA) ကို ၂၀၁၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအား အထူးအရေးပါသည့် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည် အလင်းတန်းများပေါ်ထွက်လာအောင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ကိုလည်း Ayeyarwady Foundation မှ ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။

**AYEYARWADY FOUNDATION**

ဆောင်းပါး

*ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် ကောင်းမွန်သောလူ့အဖွဲ့အစည်းတစ်ရပ်တို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသလို တစ်ခုနှင့်တစ်ခု အမှီသဟဲပြုလျက်ရှိသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရန် နိုင်ငံသားအားလုံးအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားလာအောင် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ဆရာမ ဒေါက်တာဝါဝါမောင်၏ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်စာအုပ်ကို စာဖတ်သူများအတွက် အပတ်စဉ် သောကြာနေ့တိုင်း ဖော်ပြပေးသွားမည် ဖြစ်ပါသည်။*

# ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်

# (Ensuring Good Governance)



ဒေါက်တာဝါဝါမောင်

*ယခင်အပတ်မှအဆက်*

**(ဂ)ပြည်သူ့ကဏ္ဍ(Public Sector) ၌ လုပ်ငန်းဆောင်ရွက်မှုစနစ်များ ပြန်လည်သုံးသပ်ပြင်ဆင်ရန်၊ ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ရန်**

တတိယအနေဖြင့် ပြည်သူ့ကဏ္ဍ(Public Sector)၌ လုပ်ငန်းဆောင်ရွက်မှုစနစ်များ ပြန်လည်သုံးသပ်ပြင်ဆင်ရန်၊ ကိုက်ညီမှုမရှိသည့် စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ (Rules and Regulation)များကို သုံးသပ်ပြင်ဆင်သင့်ပါက သုံးသပ်ပြင်ဆင်သင့်ပြီးပယ်ဖျက်သင့်ပါက ပယ်ဖျက်ရန် လိုအပ်ပါသည်။

**❖ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း (Regulatory Reform)**

လုပ်ထုံးလုပ်နည်းများ(Regulation) ဆိုသည်မှာ လူတို့၏အပြုအမူကိုပြောင်းလဲရန် နည်းလမ်းတစ်ခု (A Way of Changing Behavior) ပင်ဖြစ်သည်။ Organization for Economic Cooperation and Development-OECDမှ Regulation နှင့်ပတ်သက်၍ အစိုးရသည် စီးပွားရေးလုပ်ငန်းနှင့် ပြည်သူတို့လိုက်နာကျင့်သုံးစေရန် ချမှတ်ထားသော အမျိုးမျိုးကွဲပြားသော (Instruments) များပင်ဖြစ်ကြောင်း၊ Regulations တွင် ဥပဒေ (Law)၊ အစိုးရအဆင့်အသီးသီးမှ ထုတ်ပြန်ထားသော တရားဝင်နှင့်တရားဝင် မကြေညာသောလုပ်ထုံးလုပ်နည်းများ၊ အစိုးရမှလုပ်ထုံးလုပ်နည်းများဖြင့် လုပ်ပိုင်ခွင့်ပေးအပ်ထားသည့် အစိုးရမဟုတ်သော အဖွဲ့များ (Self Regulatory Bodies) (ဥပမာ-မြို့တော်စည်ပင်)တို့မှထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများတို့ပါဝင်သည်ဟုဆိုသည်။ စည်းမျဉ်းစည်းကမ်းများကို-

(က) စီးပွားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Economic Regulations)

(ခ) လူမှုရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ (Social Regulations)

(ဂ) အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Administrative Regulations) ဟူ၍ အမျိုးအစား (၃)မျိုးခွဲခြားထားပါသည်။

လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော အသေးစိတ်ပြုပြင်ပြောင်းလဲမှုများ (Specific Reform)အနေဖြင့် -

(က) မလိုလားအပ်သောလုပ်ထုံးလုပ်နည်းများဖြင့် ရှုပ်ထွေးစေကာ လုပ်ထုံးလုပ်နည်းများ ဖောင်းပွနေခြင်း(Regulartory Inflation ) ကို မည်သို့ကုစားမည်နည်း။

(ခ) လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ထိခိုက်၊ ဆုံးရှုံးနစ်နာမှုများ (အချိန်ကုန်၊ ငွေကုန်ကြေးကျဖြစ်မှု) စသည့် နစ်နာမှု (Regulatory Cost ) များအား မည်သို့လျှော့ချမည်နည်း။

(ဂ) လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ မည်သည့် ဧရိယာ၊ ကဏ္ဍများသို့ သက်ရောက်မှုများဖြစ်ပေါ်စေသနည်း စသည့်သက်ရောက်မှုများကိုသုံးသပ်ကာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော ညစ်ညမ်းမှုများ (Regulatory Pollution )ကို မည်သို့ကုစားနိုင်မည်နည်း စသည်တို့ကို ဖြေရှင်းရန် ဖြစ်ပါသည်။

မလိုလားအပ်သော လုပ်ထုံးလုပ်နည်းများ (Unnecessary Regulations) သည် အရည်အသွေးနိမ့်ကျသော လုပ်ထုံးလုပ်နည်းများ (Low Quality Regulation) ပင်ဖြစ်ပြီး များစွာသော ပြဿနာများကို ဖြစ်ပေါ်စေပါသည်။ အဆိုပါအရည်အသွေးနိမ့်ကျသော လုပ်ထုံးလုပ်နည်းများသည် မရေရာမသေချာမှုများ (Uncertainty)၊ မထိရောက်မှု (Ineffectiviness)၊ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခြင်း (Waste of time, energy and money ) ကို ဖြစ်ပေါ်စေသည်။ ထိုမှတစ်ဆင့် အဆင်မပြေမှုများ ဖြစ်ပေါ်စေခြင်း၊ လာဘ်ပေးလာဘ်ယူ၊ အလွဲသုံးစားမှုများ ဖြစ်ပေါ်စေခြင်းမှတစ်ဆင့် အစိုးရကို နာမည်ပျက်စေခြင်း (Loss of credibility of Government)၊ လာဘ်ပေးလာဘ်ယူမှုများပြားခြင်း(Corruption) တို့မှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဟန့်တားမှုဖြစ်ပေါ်စေခြင်း (Discourage of Foregin Investors ) မှ တစ်ဆင့် စီးပွားရေးကျဆင်းမှု (Economic decline) ကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ဒီမိုကရေစီကျင့်စဉ် အသုံးပြုမှုနည်းပါးပါက ဖွံ့ဖြိုးမှုလည်းနည်းပါးစေသည်ဟု ဖွံ့ဖြိုးမှုစာပေများမှ ဆိုသည်။

ထို့ကြောင့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ (Rules and Regulations) များပြားခြင်းသည် ပြဿနာများကို အမှန်တစ်ကယ် ဖြေရှင်းနိုင်မှုရှိသည်ဆိုသည်မှာ အမြဲတမ်းမမှန်ကန်ပေ။ အရည်အသွေးနိမ့်ကျသော၊ မလိုလားအပ်သော လုပ်ထုံးလုပ်နည်းများ (Unnecessary and Low Quality regulation)သည် အသုံးမဝင်ရုံမျှတင်သာမက ပြဿနာများ၊ ဆိုးကျိုးများနှင့် ပါဝင်ဆောင်ရွက်သူများ အားလုံးတို့အတွက် ကြီးလေးသော တာဝန် (Burdens for different stakeholders ) ကို ဖြစ်ပေါ်စေနိုင်သည်။

## အဖွဲ့အစည်းများသည် အမည်ခံဖွဲ့စည်းထားသည်မျိုးမဟုတ်ဘဲ သတ်မှတ်ထားသော မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ရမည်

**အဖွဲ့အစည်းများ၏ အပြုအမူဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း** (Organizational Behaviour Reform)

နိုင်ငံတစ်ခုတွင် နိုင်ငံသားများနှင့် ၎င်းနိုင်ငံတို့၏အဖွဲ့အစည်းများ စွမ်းရည် (Human and Institutional Ability) သည် ထိပ်တန်းမှ အရေးပါလာခဲ့သည်။ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ (The Role of Institution) ဆိုသည်မှာ နိုင်ငံတစ်ခု၏ မျှော်လင့်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ပေးနိုင်သော အဖွဲ့အစည်းများဖြစ်ရန် လိုအပ်ပေသည်။ အဖွဲ့အစည်းများသည် စွမ်းဆောင်ရည် (Efficiency) ပြည့်ဝရန်လိုအပ်သကဲ့သို့ ထိရောက်မှု (Effectiveness) ရှိရန်လည်း လိုအပ်ပါသည်။ **အဖွဲ့အစည်းများသည် အမည်ခံဖွဲ့စည်းထားသည်မျိုးမဟုတ်ဘဲ သတ်မှတ်ထားသော မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။**

ကောင်းမွန်သောအုပ်ချုပ်မှု တိုးတက်ဖြစ်ပေါ်နိုင်စေသော အချက်များအနက် အဖွဲ့အစည်းများ၏ အပြုအမူ (Organizational Behaviour) တို့ ပြုပြင်ပြောင်းလဲရန်လည်း ပါဝင်ပါသည်။

- ❋ နားလည်မှုအပေါ်အခြေခံပြီး အသင်းအဖွဲ့စိတ်ဓာတ် တည်ရှိစေရန် (Team spirit based on understanding)
- ❋ မျှဝေတတ်သည့် စိတ်ဓာတ် (Sharing Minded) တည်ရှိစေရန်။
- ❋ ဓလေ့ထုံးစံနှင့် လုပ်ဆောင်လေ့လုပ်ဆောင်တတ်သည့် အမူအကျင့်များ (Culture and Practices) စနစ်ကျစေရန်
- ❋ အထက်မှ အောက်သို့ အမိန့်ပေးအုပ်ချုပ်သည့် အလေ့အကျင့်မှ အောက်ခြေ၏တင်ပြချက်နှင့် အခြေအနေတို့ကို နားထောင်တတ်သည့် အလေ့အကျင့်သို့ ကူးပြောင်းနိုင်ရန်။ (From Top-Down to Botton up Approach)
- ❋ ဥပဒေ စည်းမျဉ်းစည်းကမ်းများအား ပြဋ္ဌာန်းလိုက်နာစေခြင်း (Rule of Law)
- ❋ ဆုပေး-ဒဏ်ပေး စနစ်ကျင့်သုံးခြင်း (Carrot-Stick) တို့ဖြင့် ပြုပြင်ပြောင်းလဲနိုင်ပါသည်။

*(ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်စာအုပ်ကို အပတ်စဉ် သောကြာနေ့တိုင်း ဖော်ပြသွားပါမည်)*




## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)ရှေ့၊ မြေကွက်အမှတ် ၈၂၆၊ မြေကွက်တည်နေရာအမှတ် ၈၂၆၊ ဝေဇယန္တာ ၁၇လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးသန်းဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းဝင်း (ဖခင်)နှင့် ဒေါ်စန်းစန်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်စန်းစန်းစိုး ၁၂/သကတ(နိုင်)၁၃၂၀၃၈၊ (၂) ဒေါ်ချိုချိုခိုင် ၁၂/သကတ(နိုင်) ၁၃၇၃၇၅၊ (၃) ဦးကျော်ကျော်ခိုင် ၁၂/သကတ(နိုင်)၁၄၃၅၈၆၊ (၄) ဒေါ်မိုးမိုး ၁၂/သကတ(နိုင်)၁၇၇၉၄၈၊ (၅) ဒေါ်ယုလေးဝါ ၁၂/သကတ(နိုင်)၁၆၇၀၂၈ တို့အနက် အမှတ်စဉ်(၂.၃.၄.၅)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၂၆/၂၀၁၅)ရသူ ဒေါ်စန်းစန်းစိုးမှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ် ၇၉၈၊ ၁၂ဒသမ၄၃၄ ဧက၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ် ၇၉/၂၊ မြကန်သာကျောင်းလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်(A-ဘဂေါင်း) အမည်ပေါက် B မြေပိုင် လ/န-၃၉မြေအား အင်းစိန်မြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၁၀၃/၁၄ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၁၉-၂-၂၀၁၅ ရက်စွဲပါ ဒီကရီတရားမ ဇာရီမှုအမှတ် ၃/၂၀၁၅ ဖြင့် ဘီလစ်ခန့်အပ်သည့် ၁၃-၂-၂၀၁၅ ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတို့ကိုတင်ပြ၍ တရားရုံးကိုယ်စားဘီလစ် ဒေါ်မိုးမိုးအေး ၁၂/အစန(နိုင်)၁၂၂၁၈၄ မှ အရောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမြန်ပြန်လာပါရန် အသိပေးခြင်း

ကျွန်တော် ဦးအောင်ဇော် ၁၂/မရက(နိုင်)၀၀၄၃၁၂ နှင့် ဒေါ်ဝင်းစန္ဒာ ၁၂/မရက(နိုင်) ၁၁၇၂၁၅ တို့သည် ၂၀၀၁ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ်တရားဝင် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ၄-၄-၂၀၁၅ရက်မှစ၍ ဇနီးဒေါ်ဝင်းစန္ဒာသည် အိမ်တွင်မရှိဘဲ ပျောက်ဆုံးနေပါသဖြင့် အမြန်ပြန်လာပါရန်နှင့် တရားဥပဒေမဲ့ ထိန်းသိမ်းထားသူများရှိပါကလည်း ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးအောင်ဇော် ၁၂/မရက(နိုင်)၀၀၄၃၁၂**

ပြည်တွင်းသတင်း

# အဝေးပြေးယာဉ်စီးခပိုရောင်းချခြင်းအပေါ် ရဲဝံ့စွာတိုင်ကြားသူများအား ဂုဏ်ပြု

**ရန်ကုန် ဧပြီ ၁၆**

သကြၤန်ကို အမှီပြု၍ အဝေးပြေး ယာဉ်လိုင်းများတွင် ယာဉ်စီးခများ ပိုမိုရောင်းချနေခြင်းအပေါ် ရဲဝံ့စွာ အသိပေးတိုင်ကြားသူများအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ဧပြီ ၈ ရက်က တောင်ဥက္ကလာပမြို့နယ် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ဗဟို)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မထသ (အဝေးပြေး) ဥက္ကဋ္ဌ ဦးညွန့်ဝေက အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်ကြားသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

သကြၤန်အနီးနှင့် သကြၤန်လွန်ရက်များတွင် အဝေးပြေးယာဉ်စီးခများကို ပိုမိုကောက်ခံမှုမှာ နှစ်စဉ်ရှိနေခဲ့သည်။ သို့သော် ရဲရဲဝံ့ဝံ့ တိုင်ကြားသူ နည်းခဲ့ပြီး ထိထိရောက်ရောက် အရေးယူမှုများလည်း အားနည်းခဲ့သည်ဟု တိုင်ကြားသူများက ဆိုသည်။

ယခုနှစ်တွင် အဝေးပြေးယာဉ်လိုင်းပိုင်ရှင်များ၊ ဂိတ်မှူး၊ ဂိတ်တာဝန်ခံများအား မထသ(အဝေးပြေး)မှ ခေါ်ယူ၍ ကြိုတင်အသိပေးမေတ္တာရပ်ခံခဲ့ပြီး တရားဝင်စာများ ထုတ်ထားပေးခဲ့သည်။

ထို့အပြင် ခရီးသွားများအနေဖြင့် သတ်မှတ်နှုန်းထက် ယာဉ်စီးခ ပိုမိုပေးရပါက လက်မှတ်တင်ပြ၍ တိုင်ကြားကြရန် သတင်းစာ၊ ဂျာနယ်များအပြင် ကားဝင်းအတွင်း၌ ဗီနိုင်းဘုတ်များထောင်၍ ကျယ်ပြန့်စွာ ကြေညာထားခဲ့သည်။

ဧပြီ ၁ ရက်မှ ၆ ရက်အထိ တိုင်ကြားထားသူ ၁၄ ဦးရှိခဲ့ပြီး ယာဉ်စီးခ ပိုမိုရောင်းချထားသည့် လက်မှတ်စောင်ရေ ၃၁ စောင်ရှိခဲ့ပြီး လက်မှတ်ခပိုရောင်းသည့် ယာဉ်လိုင်း ၁၀ လိုင်းရှိခဲ့သည်။

ယာဉ်လိုင်းမှ တာဝန်ရှိသူတို့အားခေါ်ယူ၍ ပိုမိုရောင်းချထားသော ငွေကြေးအား ပိုင်ရှင်များသို့ ချက်ချင်း ပြန်လည်ထုတ်ပေးစေခဲ့သည်။

မထသ အဝေးပြေး ဥက္ကဋ္ဌ ဦးညွန့်ဝေက "ပိုမိုကောက်ခံထားတဲ့ လက်မှတ်ခတွေကို ချက်ချင်းပဲ ပြန်လျော်ပေးပြီး ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးအစိုးရရဲ့ လမ်းညွှန်မှုနဲ့အတူ အခုလို ရဲဝံ့စွာ ဖော်ထုတ်တိုင်ကြားသူတွေကို ဂုဏ်ပြုတဲ့ ပထမဦးဆုံးပွဲပါပဲ"ဟု မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

ယာဉ်စီးခ ပိုမိုကောက်ခံသော ယာဉ်လိုင်းများကို ဒဏ်ငွေကျပ် ၅၀၀၀၀ စီအပြင် စည်းကမ်း ချိုးဖောက်မှုအပေါ် မူတည်၍ ယာဉ်လိုင်းပိတ်သိမ်းသွားမည်ဟု ဆိုခဲ့သည်။ ယခုပိုမိုကောက်ခံငွေနှင့် ဂုဏ်ပြုဆုချီးမြှင့်ငွေများကို ဒဏ်ကြေးများမှ ပြန်လည်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဘော်ဂါသွေး**



# ကျေးရွာကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်ဆောက်

**ပျော်ဘွယ် ဧပြီ ၁၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ထရံကာကျေးရွာအုပ်စု ထရံကာကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျောင်းသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဧပြီ ၅ ရက်က အဆိုပါ ကျောင်းဆောင်သစ်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အဆိုပါကျေးရွာ ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်း ဖြစ်ပေါ်လာရေးအတွက် ထရံကာကျေးရွာနေ ဦးဇော်နိုင်မိသားစုက ကာလတန်ဖိုးငွေကျပ်သိန်း ၃၀ ရှိ မြေနှစ်ဧကကို လှူဒါန်းပေးခဲ့ပြီး ထိုမြေကွက်ပေါ်တွင် ခန့်မှန်းကုန်ကျငွေတန်ဖိုးငွေကျပ် ၄၈၆ သိန်းတန်ဖိုးရှိ အလျားပေ ၉၀၊ အနံ ပေ ၃၀ ရှိ အာရ်စီတစ်ထပ်၊ အဆောက်အအုံ ဆောက်လုပ်သွားမည်ဖြစ်ပြီး စာသင်ကျောင်းဆောင်သစ် စတင်ဆောက်လုပ်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက ငွေကျပ်သိန်း ၅၀ မတည်လှူဒါန်းပေးပြီး ကျေးရွာပြည်သူများ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ဖန်းမော်မြို့၌ တရားရုံးဝန်ထမ်းများ ရက်တိုမွမ်းမံသင်တန်းဆင်း

**ဖန်းမော် ဧပြီ ၁၆**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် တရားရုံးအတွင်းရှိ တရားရုံးဝန်ထမ်းများ ရက်တို မွမ်းမံသင်တန်းဆင်းပွဲကို ဧပြီ ၉ ရက် နံနက် ၉ နာရီက ဖန်းမော်ခရိုင်တရားရုံး၌ ကျင်းပရာ ခရိုင်တရားသူကြီး ဒေါ်ဝင်းဝင်းမော်က အမှာစကားပြောကြားပြီး ခရိုင်တရားသူကြီးနှင့် မြို့နယ် တရားသူကြီးများက ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ကြရာ ဆုရရှိသူများကိုယ်စား ဒေါ်မိုင်းရာက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ ဖန်းမော်ခရိုင်အတွင်းရှိ ဖန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မံစီမြို့နယ်တရားရုံးများမှ တရားရုံးဝန်ထမ်း ၂၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။

**ဝါဝါ(ဖန်းမော်)**

# မိုးများသည်းထန်စွာရွာသွန်း၍ ဘုရားထီးတော်နှင့်အဆောက်အအုံများ ပျက်စီးဆုံးရှုံး

**ထီးချိုင့် ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်း ဧပြီ ၉ ရက် ညနေ ၄ နာရီခွဲမှ ၅ နာရီအထိ ပြင်းထန်စွာလေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးများ ကြွေကျခြင်းနှင့် မိုးများသည်းထန်စွာရွာသွန်းခြင်းများကြောင့် ဘုရားထီးတော်များနှင့် အဆောက်အအုံများ ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ချွန်းတောင်ကျေးရွာရှိ သိမ်တော်ဘုန်းကြီးကျောင်းတွင် သွပ်များလွင့်ကျခြင်း၊ ဗောဓိဘုန်းကြီးကျောင်းရှိ သွပ်များလွင့်ကျခြင်းနှင့် ဆုတောင်းပြည့်စေတီတော် ထီးတော်ယိမ်းယိုင်သွားခြင်း၊ အမကကျောင်းရှိ သွပ်မိုးများလွင့်ကျခြင်း၊ အမကကျောင်းရှိ ဆရာ/ဆရာမများ၏နေအိမ်လိုင်းခန်းတစ်ခန်းရှိသွပ်မိုးများလွင့်ကျခြင်း၊ ချွန်းတောင်ကျေးရွာရှိ လူနေအိမ် ၁၂ လုံးခန့်မှာ အမိုးများလွင့်ကျပြီး လူနေအိမ်တစ်တစ်လုံးမှာ ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဝွေးပင်ချောင်းကျေးရွာ၌လည်း ဆုတောင်းပြည့်စေတီတော်တစ်ဆူ ထီးတော်ပျက်ကျခြင်း၊ ကျေးရွာရှိ လူနေအိမ်နှစ်လုံး သွပ်မိုးများလွင့်ကျခြင်းများဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးခြင်းမရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ကျေးရွာသောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်



**မကွေး ဧပြီ ၁၆**

မကွေးမြို့နယ် ပေပင်စမ်းကျေးရွာအုပ်စု တည်ပင်ကန်ကျေးရွာရှိ လက်ရှိအသုံးပြုနေသော စက်ရေတွင်းမှာ ဧပြီ ၇ ရက်က စက်ရေတွင်း မိုနိုပန့် ပျက်သွားခဲ့သဖြင့် အဆိုပါတည်ပင်ကန်ကျေးရွာရှိ အိမ်ခြေ ၂၅၀၊ လူဦးရေ ၈၁၅ ဦးတို့ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုတည်ပင်ကန် ကျေးရွာသို့ ဧပြီ ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် မြို့နယ် ကျေးလက်ဦးစီးဌာနဦးစီးမှူး ဦးဝင်းနိုင်ဦးတို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး လတ်တလော ကျေးရွာနေ ပြည်သူများ ရေသုံးစွဲမှု အဆင်ပြေစေရေးအတွက် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စက်သုံးဆီ အကုန်အကျခံခဲ့ရာ တစ်ရက်လျှင် ငါးခေါက် ရေပေးဝေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီကျေးရွာမှာ ၁၉၈၀ ပြည့်နှစ်က ရေအရင်းအမြစ်မှ စက်ရေတွင်း တူးဖော်ပေးထားခြင်းဖြစ်ပြီး နှစ်ပေါင်း ကြာလာတာနဲ့အမျှ ယခုလိုနွေရာသီ ရေသုံးစွဲမှုများလာတော့ စက်ကတော့ကောင်းပေမယ့် တွင်းထဲက ပန့်ပျက်သွားတာ" ဟု ကျေးရွာနေဒေသခံတစ်ဦးက ပြောသည်။

ထိုစက်ရေတွင်း မိုနိုပန့်ပျက်စီးမှုကို မြို့နယ်ကျေးလက်ဦးစီးဌာနမှ BAJ အဖွဲ့နှင့် ပူးပေါင်းကာ နှစ်ရက်အတွင်း အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားသည်။

**ကျော်ဇေယျ**

နှစ်သစ်မင်္ဂလာဆုမွန်တောင်းလွှာ

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ၁၃၇၇ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယတွင် ဦးသိန်းမောင် တြိရတန အလှကုန်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း မှထုတ်လုပ်သော ဆေးစွမ်းကောင်းများနှင့် အလှကုန်များကို အားပေးသုံးစွဲကြသော ရဟန်းရှင်လူ မိဘပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဖြန့်ဖြူးရောင်းချပေးသော မိတ်ဟောင်းမိတ်သစ်များအား ဘေးရန်ကင်း၍ ကျန်းမာရွှင်လန်း ချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးသိန်းမောင် တြိရတန မိသားစု အလှကုန်နှင့်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၂)၊ မြေကွက်အမှတ် (၁၂၂/က)၊ မြေကွက်တည်နေရာအမှတ် (၁၂၂/က)၊ သုဒဿန(၂)လမ်း၊(၁၆ရပ်ကွက်)၊ သဃ်ၤန်းကျွန်းမြို့နယ် (ဦးစော) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးစော(ဖခင်)နှင့် ဒေါ်သန်းတင် (မိခင်)တို့ ကွယ်လွန်သဖြင့် ဦးမြင့်ဦး ၁၂/သဃက(နိုင်)၀၂၂၇၈၆ က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်မိခင်၊ ဖခင်သေစာရင်းများ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၂၀၃(က)၊ မြေကွက်တည်နေရာအမှတ် ၂၀၃(က)၊ မိုးကောင်း (၁)လမ်း၊ ဦးခင်ကျော် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်ကျော်(ခင်ပွန်း) ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်သန်းသန်းရွှံ့ ၁၂/သကတ (နိုင်)၀၇၅၈၀၂ မှ ခင်ပွန်းဖြစ်သူ သေဆုံးကြောင်း သေစာရင်းတင်ပြ၍ ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင် ကတိခံဝန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

